# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်၊ ၂၀၀၈ခုနှစ်၊ မတ် ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၇၁)


## နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် စပိန်နိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ စပိန်နိုင်ငံဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခြင်းခံရသူ မစ္စတာ ဟိုဆေး လူဝီ ရိုဒရီဂက်ဇ် ဇာပါတေရိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြို့ရှိ အခွန်လွတ်ဈေးများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၆ နာရီခွဲက ကမာရွတ်မြို့နယ်ရှိ ဟံသာဝတီ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ ဒဂုံမြို့နယ်ရှိ ပန်တျာ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ လည်းကောင်း၊ တာမွေမြို့နယ်ရှိ တာမွေ ကိုယ်တိုင်ထုတ်လုပ်သူများ၏ *စာမျက်နှာ ၃ ကော်လံ ၁* ●

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တာမွေမြို့နယ်ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

## (၆၃) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ နိုင်ငံ့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ် တပ်မတော် တည်ဆောက်ရေး။

## မြန်မာ့အလင်း ဆောင်းပါး အညွှန်း

## အကောင်းဆုံးနှင့် အသင့်တော်ဆုံး

တိုင်းရင်းသားကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးချယ်ခံကိုယ်စားလှယ်များ၊ လူထုလူတန်းစားအလွှာစုံမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြင့် အမျိုးသားညီလာခံကျင်းပ၍ နိုင်ငံ၏ပကတိအရှိတရားနှင့် လက်ရှိအခြေအနေအရ အကောင်းဆုံးနှင့် အသင့်တော်ဆုံးဖြစ်သည့် အခြေခံမူများနှင့် အခြေခံရမည့်မူများကို အများသဘောတူ ညီညွတ်စွာ ချမှတ်ပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲခဲ့ရခြင်းဖြစ်သည်။

လေ့လာသူတစ်ဦး၏ ပုံပြင်ထဲကလူ၊ လူထဲကပုံပြင် ဆောင်းပါး (စာ–၁၀ ) တွင် ဖတ်ရှုနိုင်ပါသည်။

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် မတ် ၁၉ ရက်)

# ကျေးလက်နှင့် မြို့ပြများ ပိုမိုဖွံ့ဖြိုးတိုးတက် လမ်းတံတားများ တိုးမြှင့်တည်ဆောက်

နိုင်ငံတော်၏ အခြေခံကျသည့် အဆောက်အအုံများကို အကောင်အထည်ဖော်ရာတွင် လမ်းပန်းဆက်သွယ်ရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

နိုင်ငံတော်က လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးအတွက် လမ်း၊ တံတားပေါင်းများစွာကို တိုးချဲ့ဖောက်လုပ် တည်ဆောက်ပေးနေသည်။ ၁၉၈၈ခုနှစ်တွင် ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း၊ ကျောက်ခင်းလမ်း၊ အမာခံလမ်းနှင့် မြေသားလမ်း မိုင်ပေါင်း နှစ်သောင်းကျော်ရှိခဲ့ရာမှ ယခုအခါ နိုင်ငံတစ်ဝန်း လမ်းမိုင်ပေါင်း ခြောက်သောင်းကျော်နှင့် ပေ၁၈၀အထက် တံတားကြီးအစင်းပေါင်း ၂၃၀ ဖောက်လုပ်တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်မှုသည် မြို့ပြဒေသများ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်စပ်လျက်ရှိသည်။ ထို့ကြောင့် ဒေသအလိုက် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာချင်းဆက်၊ မြို့နယ်ချင်းဆက်၊ ခရိုင်ချင်းဆက်လမ်းများကိုလည်း နိုင်ငံတော်က တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိသည်။

ခရိုင်ချင်းဆက်အမှတ်(၁)လမ်းသည် မန္တလေးတိုင်း တံတားဦးမြို့နယ်မှစပြီး ရန်ကုန်တိုင်း မှော်ဘီမြို့နယ် အမှတ်(၃)လမ်းမကြီးအထိ ခရီးမိုင် ၄၀၀ကျော်ရှိသည်။ အမှတ်(၁)ခရိုင်ချင်းဆက် လမ်းမကြီးကို ဖောက်လုပ်လျက်ရှိရာ မြေသားလမ်း၊ ကျောက်ချောလမ်း၊ ကတ္တရာလမ်းတစ်ဆင့်ပြီးတစ်ဆင့် မြှင့်တင်ဖောက်လုပ်နေခြင်းဖြစ်သည်။ ယင်းလမ်း၏အစိတ်အပိုင်းအချို့ ဖောက်လုပ်ပြီး၍ မော်တော်ယာဉ်များ ဖြတ်သန်းမောင်းနှင် အသုံးပြုနေကြပြီဖြစ်သည်။

စစ်ကိုင်းတိုင်း၌ ခရိုင်ချင်းဆက်လမ်းအမှတ်(၃)ကို ဝက်လက်၊ ရွှေဘိုနှင့် ကသာခရိုင်တို့၌ အပိုင်းလိုက်ဖောက်လုပ်လျက်ရှိသည်။ ခရိုင်ချင်းဆက်လမ်းများသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ရာ လမ်းနှင့်အတူတံတားများကို တည်ဆောက်လျက်ရှိသည်။

လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်ခြင်း၊ ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်ခြင်းတို့သည် ဒေသ၏လူမှုစီးပွား မြင့်မားရေးအတွက် အကျိုးရလဒ်ကောင်းများဖြစ်သည်။

နိုင်ငံတော်က နိုင်ငံတစ်ဝန်း လမ်းသစ်၊ တံတားသစ်များစွာတို့ကို လက်ယှက်ထိုး ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ ကုန်စည်ကူးသန်းဆက်သွယ်သွားလာမှုများ လွယ်ကူလျင်မြန်လာပြီး ကျေးလက်ဒေသများအပါအဝင် ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေးများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် သင်္ဃန်းကျွန်းမြို့နယ်လေးဒေါင့်ကန်ရပ်ကွက် လေးဒေါင့်ကန်လမ်း အမှတ် (၁၀)နေ မောင်ညီညီထက်နိုင်၏ (၃)နှစ်ပြည့်မွေးနေ့အတွက် အလှူငွေကျပ် တစ်သိန်းတစ်သောင်းလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအေးကို၊ ဦးမောင်လှိုင်နှင့် ဦးအေးမြင့်တို့ လက်ခံယူစဉ်။ (က-ပ)

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ရှင်စောပုလမ်း အမှတ် (၅၉/D-၂)နေ မိခင်ကြီး ဒေါ်ဒေါ်အုံး (၉၉) နှစ်ပြည့် မွေးနေ့ အလှူအဖြစ် တူ၊ တူမ၊ သားသမီး၊ မြေးမြစ်တို့က ဒဂုံမြို့နယ် အမှတ်၁၂ စကားဝါလမ်း မင်းကွန်းတိပိဋက ဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၅၅၀၀၀ကို အနုနာယက ဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန)ဥက္ကဋ္ဌ ဦးကျော်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## သဲအင်းဂူဓမ္မရိပ်သာ သင်္ကြန်တွင်း တရားစခန်း

ရန်ကုန် မတ် ၁၈

စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ် ရွှေစာရေး ရေအားလျှပ်စစ်အနီး တောင်ပေါ်ရှိ သဲအင်းဂူဓမ္မရိပ်သာကြီးတွင် သင်္ကြန်အကြိုနေ့မှစ၍ ငါးရက် တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။

တရားအားထုတ်လိုသူများ ဝင်ကြေးမရှိစရိတ်ငြိမ်း ဦးညွန့်ခင်-ဒေါ်အောင် (မြင်းခေါင်းနှင့် ပတ္တမြားဆေးမြေဆီ-မုံရွာ)တို့က ဓမ္မဒါနပြုမည်ဖြစ်သည်။ ရပ်ဝေး ရပ်နီးမှ လူမျိုးဘာသာမရွေး ဖုန်း-၀၇၁-၂၂၆၃၅၊၀၇၁-၂၃၅၂၈၊၀၉-၂၁-၃၂၇၃၇တို့သို့ ကြိုတင်ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

## မြဝတီရုပ်မြင်သံကြား

၁၉-၃-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၅ | ၆။ | **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်** |
| ၇:၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |

ညပိုင်း

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၅ | ၃။ | အမျိုးသားရေးတေးကဗျာ |
| ၄:၃၀ | ၄။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄:၅၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၅:၂၀ | ၆။ | ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ |
| ၅:၃၀ | ၇။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၅:၄၀ | ၈။ | မြတ်နိုးကြစေ အမျိုးသားအမွေ |
| ၅:၅၀ | ၉။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆:၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၁။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၂။ | အမျိုးသားရေးတေးကဗျာ |
| ၆:၂၅ | ၁၃။ | ကာတွန်းအစီအစဉ် **ငါးကလေးရဲ့စွန့်စားခန်း** (အပိုင်း-၃၁) |
| ၆:၄၅ | ၁၄။ | လျှပ်တစ်ပြက် |
| ၇:၀၀ | ၁၅။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူရဲကောင်း** (အပိုင်း-၄၈) |
| ၈:၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | မိုးလေဝသသတင်း |
| | ၁၈။ | အမျိုးသားရေးတေးကဗျာ |
| | ၁၉။ | လူရွှင်တော်ရွှေဖလား |
| | ၂၀။ | ICT သုတ |
| | ၂၁။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၂။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စည်းခြားထားသောအချစ်** (အပိုင်း-၁၆) |

## အထက်မင်းလှမြို့နယ်အသင်း ဘွဲ့ခံဆရာတော် ပူဇော်ပွဲ

ရန်ကုန် မတ် ၁၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော မကွေးတိုင်း၊ အထက်မင်းလှမြို့နယ် ဓမ္မိကတောရ စာသင်တိုက်နှင့် မြကင်းတောင် အေးရိပ်ငြိမ်တောရ ဆရာတော် ဘဒ္ဒန္တသာသနအား အထက်မင်းလှမြို့နယ်အသင်း(ရန်ကုန်) မိသားစု၏ ထပ်ဆင့်ပူဇော်ပွဲကို ၁၃၆၉ခု(တပေါင်းလပြည့်ကျော် ၃ရက်) မတ် ၂၄ရက် (တနင်္လာနေ့)ညနေ ၄နာရီတွင် ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်း ဗဟန်းဈေးအနီးရှိ မင်းလှဓမ္မရိပ်သာကျောင်း၌ ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များ၊ မြို့နယ်သူမြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြည်ညိုပူဇော်ကြရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းလှူဒါန်းလိုပါက အသင်းဥက္ကဋ္ဌ ဦးစံမြင့် ဖုန်း-၂၂၆၂၈၁၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းစိန် ဖုန်း-၅၈၀၅၇၃၊ အတွင်းရေးမှူး ဦးမျိုးညွန့်ဦး ဖုန်း-၅၄၉၁၁၈၊ တွဲဖက်အတွင်းရေးမှူး ဦးလှတင့် ဖုန်း-၇၂၆၈၆၆နှင့် နီးစပ်ရာအသင်း အလုပ်အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။(က-ပ)

## ကျောက်ပန်းတောင်းအသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် မတ် ၁၈

ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး ဂုဏဝိသိဋ္ဌပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို မတ် ၂၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် ကျောက်ပန်းတောင်း ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။

### ဖိတ်ကြားနှိုးဆော်

အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းခဲ့သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ကျောက်ပန်းတောင်းဇာတိ ဆရာတော်ကြီးများအား ဂုဏဝိသိဋ္ဌပူဇော်ခြင်း၊ ဂုဏ်ထူးဆောင်တံဆိပ်ဆုချီးမြှင့်ခံရသော လူပုဂ္ဂိုလ်များအား ထပ်ဆင့်ဂုဏ်ပြုခြင်း၊ ပညာရည်ချွန်ဆုချီးမြှင့်ခြင်းတို့ကို တစ်ပါတည်း ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် ကျောက်ပန်းတောင်း မြို့နယ်သူ မြို့နယ်သားများအားလုံး အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ (က-ပ)

## ဆရာဝန်အသင်း သင်တန်းပို့ချမည်

ရန်ကုန် မတ် ၁၈

မြန်မာနိုင်ငံ ဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးယူနစ်(CME)မှ အထွေထွေရောဂါကုဆရာဝန်များအတွက် Public Health, family Medicine and Research (2008) သင်တန်းကို မတ် ၂၉ရက်မှ ဇွန် ၁ရက်အထိ စနေ၊ တနင်္ဂနွေနေ့များတွင် မွန်းတည့် ၁၂နာရီမှ ညနေ၃နာရီအထိ သင်တန်းပို့ချမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသော ဆရာဝန်များသည် မတ်၂၄ရက်မှ ၂၆ရက်အတွင်း နံနက်၁၀နာရီမှ ညနေ၃နာရီအထိ တက်ရောက်မည့်သူကိုယ်တိုင် စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## အရှင်ဝိနယာလင်္ကာရ တရားပွဲဓမ္မသဘင်

ရန်ကုန် မတ် ၁၈

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် တောတိုက်ရပ်ကွက် တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်များ၏ ဦးစီးပဓာန မဟာနာယက နိုင်ငံတော် သြဝါဒါစရိယဆရာတော်ကြီး၏ တပည့်ရင်း ကမ္မဋ္ဌာနာစရိယ နယ်လှည့်သာသနာပြု ဓမ္မကထိက အရှင်ဝိနယာလင်္ကာရသည် မတ် ၁၉ရက်မှ ၂၀ရက်အထိ သမိုင်းပုညကရိယအသင်း ဓမ္မသဘင်၌လည်းကောင်း၊ မတ်၂၁ရက်မှ ၂၂ရက်အထိ၊ ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် ကဝတ်ရေငန်ချောင်ကျေးရွာ ဗုဒ္ဓပူဇနိယဓမ္မသဘင်၌ လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

## ရဟန်း၊ရှင်သာမဏေ၊သီလရှင်စုပေါင်းဝတ်ပွဲနှင့် သတိပဋ္ဌာန်ခုနစ်ရက်တရားစခန်းဖွင့်လှစ်မည်

ရန်ကုန် မတ် ၁၈

မွန်ပြည်နယ် ပေါင်မြို့နယ် ကျူကကျေးရွာ မှိုင်းညို့ညို့တောရပဓာန နာယကဆရာတော် ဝဏ္ဏဝါသီအရှင်ဝါသေဋ္ဌာဘိဝံသသည် ရဟန်း၊ ရှင်သာမဏေ အပါး၂၀၀နှင့် သီလရှင် အပါး၂၀၀ စုပေါင်းဝတ်ပွဲနှင့် ၎င်းရဟန်း၊ ရှင်သာမဏေ၊ သီလရှင်များအတွက် ဓမ္မာနုပဿနာသတိပဋ္ဌာန်းတရားစခန်းကို ဖွင့်လှစ်သွားမည် ဖြစ်ရာ ရဟန်းရှင်သာမဏေဝတ်ပွဲကို ၁၃၆၉ခုနှစ် တပေါင်းလပြည့်ကျော် ၁၃ရက် (ဧပြီ ၃ ရက်)နှင့် သီလရှင်ဝတ်ပွဲကို ၁၃၆၉ခုနှစ် တပေါင်းလပြည့်ကျော် ၁၄ရက် (ဧပြီ ၄ ရက်)တွင် ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်ရန်အတွက် ၎င်းရဟန်းရှင်သာမဏေ သီလရှင်များသည် ဧပြီ ၄ရက် ညနေ၅နာရီအရောက် ဦးစိုးမော်(မုတ္တမ) ဖုန်း-၀၉-၅၃-၂၀၅၇၉၊ ၀၉- ၅၃-၂၀၅၇၅တို့သို့ ဆက်သွယ်ပြီး ကြိုတင်စာရင်းပေးသွင်းနိုင်သည်။ (က-ပ)

● **ရှေ့ဖုံးမှ**

အခွန်လွတ်ဈေးသို့ လည်းကောင်း၊ ရန်ကင်းမြို့နယ်ရှိ ရန်ကင်း ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ လည်းကောင်း၊ မရမ်းကုန်းမြို့နယ်ရှိ နဝဒေး ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း သွားရောက်ပြီး အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနတို့၏ စားသောက်ကုန်နှင့် လူသုံးကုန်အရောင်းဆိုင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ ရန်ကုန်တိုင်းအတွင်းရှိ တပ်ရင်းတပ်ဖွဲ့များ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီများနှင့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်နှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန်တို့မှ ကိုယ်တိုင်ထုတ်လုပ်သူလုပ်ငန်းရှင်များ၏ ကြက်သား၊ကြက်ဥ၊ငါးနှင့် ဟင်းသီးဟင်းရွက် အရောင်းဆိုင်များ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်နှင့် ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးတို့၏ ရေချို၊ ရေငန်ငါးမျိုးစုံ အရောင်းဆိုင်များ၊ ဘုရင့်နောင်ပွဲရုံနယ်မြေမှ ကုန်ခြောက်အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်ကြီးများအသင်း၏ ဆန်အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ စားအုန်းဆီအရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ကြက်သွန်နီနှင့် ကြက်သွန်ဖြူ စားဖိုဆောင်သီးနှံများစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ ကြက်သွန်နီနှင့် ကြက်သွန်ဖြူ အရောင်းဆိုင်များ၊ ပုဂ္ဂလိကများ၏ ဆိတ်သား၊ ဝက်သား၊ အမဲသား၊ ရေချို၊ရေငန်ငါးမျိုးစုံ၊ နို့ထွက်ပစ္စည်း အရောင်းဆိုင်များ၊ ဟင်းသီးဟင်းရွက်၊ မီးဖိုချောင်သုံးပစ္စည်း၊ ကုန်ခြောက်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုတို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်များနှင့် သားငါးများကို လွယ်လင့်တကူ တိုက်ရိုက်ဝယ်ယူနိုင်ရေး၊ စားသုံးသူပြည်သူများ၏စိတ်ချမ်းမြေ့စွာ ဝယ်ယူနိုင်ရေးအတွက် ပစ္စည်းအမယ်မျိုးစုံကို စုံစုံလင်လင်တိုးချဲ့ခင်းကျင်းရောင်းချရေး၊ စားသုံးသူများ၏လက်ဝယ်သို့ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချရေး၊ အခွန်လွတ်ဈေးများဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့်အညီ တာဝန်ရှိသူအဆင့်ဆင့်က မျက်ခြည်မပြတ် ကြပ်မတ်ကွပ်ကဲဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

## အနှစ်သာရ အစစ်အမှန်

အကာဖြစ်သော ကာမဂုဏ်ကိလေသာ မကောင်းမှုဒုစရိုက်တို့ကို တွယ်ကပ်မနေဘဲ အနှစ်အစစ်အမှန်ဖြစ်သော ကောင်းမှုကုသိုလ်တရားတို့ကို ပွားများနိုင်မှသာလျှင် သီလဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော ကောင်းသောသုခ အနှစ်သာရအစစ်အမှန် ရပေလိမ့်မည်။

(ဓမ္မပဒ ၁၂)

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၁၆)ရပ်ကွက်ရှိ မေတ္တာဝါဒီ ဟသ်ာတ (ပရဟိတ) ကိုးထပ်ကျောင်းဆောင်တိုက်ပေါ်တွင် တည်ထားကိုးကွယ်သော မေတ္တာသစ္စာဓိဋ္ဌာန် အောင်စေတီ စိန်ဖူးတော်အတွက် အလှူတော်ငွေကျပ် ခြောက်သိန်းနှင့် ညီမျှသော ရွှေထည်များကို မတ် ၁၄ ရက်က စပယ် ၂လမ်း (၃)ရပ်ကွက် ကမာရွတ် မြို့နယ်နေ ဦးအေးမြင့်-ဒေါ်သန်းနွဲ့ မိသားစုတို့က ဦးစီးနာယကဆရာတော်ဘဒ္ဒန္တသီလာနန္ဒထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

## ကော့ကရိတ်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ် စည်းဝေးမည်

ရန်ကုန် မတ် ၁၈

ကော့ကရိတ်မြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၃၀ ရက် (တနင်္ဂနွေနေ့) နံနက်၁၀ နာရီတွင် ဗဟန်းမြို့နယ်ရှိ အနောက်ရွှေဂုံတိုင်လမ်း ဗဟန်းအားကစားကွင်းအတွင်းရှိ (M 3 Food Center) ၌ ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကော့ကရိတ်သူ ကော့ကရိတ်သားများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

**ဆက်သွယ်ပေးပို့**

၂၀၀၆-၂၀၀၇ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများစာရင်းနှင့် အသက်၇၅နှစ်အထက် အဘိုးအဘွားများ၏အမည်စာရင်းကို မတ် ၂၈ ရက် နောက်ဆုံးထားပြီး အောက်ပါ အမှုဆောင်များနှင့် နီးစပ်ရာအမှုဆောင်များထံ ပေးပို့ကြရန်နှင့် နာယက ဒေါ်သန်းသန်း ဖုန်း-၅၀၂၄၈၉၊ ဥက္ကဋ္ဌ ဦးတင်စိန် ဖုန်း- ၅၅၃၆၄၄၊ လိုင်းခွဲ-၃၁၄၊ ဒုတိယ ဥက္ကဋ္ဌဦးဝမ်လုံး အဆွေတော်ကားဂိတ် ဖုန်း-၀၉-၅၀-၂၀၃၇၉၊ ဘဏ္ဍာရေးမှူး ဦးချစ်ထွေး ဖုန်း-၀၉-၅၁-၀၇၂၅၅ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ (က-ပ)

## ဘုရားဖြူစာတော်ပြန်ပွဲ စာအောင်သံဃာဆုနှင်းပွဲ

ရန်ကုန် မတ် ၁၈

ရန်ကုန်တိုင်းလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းက ကြီးမှူး၍ နတ်တော်လတွင် ကျင်းပခဲ့သော (၇၆) ကြိမ်မြောက် ဘုရားဖြူ ဝိနည်းစာတော်ပြန်ပွဲ၏ ဆုနှင်းပွဲ အခမ်းအနားကို မတ် ၂၂ ရက်(စနေနေ့) နံနက် ၉နာရီတွင် ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်အတွင်း၌ ကျင်းပမည်ဖြစ်ရာ အမှုဆောင်များ၊ အသင်းဝင်များ၊ အလှူရှင်များ ကြွရောက်ကြည်ညို ကုသိုလ်ယူကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

## စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် မတ် ၁၈

နိုင်ငံတော် အဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် ဒုတိယ၊ တတိယ အဆင့် သင်တန်းအမှတ်စဉ် (၈၄) သင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က သင်တန်းဆင်း အမှာစကား ပြောကြားသည်။

**သုံးလကြာမြင့်**

သင်တန်းသို့ ဝန်ကြီးဌာန ၃၀ အောက်ရှိ ဦးစီးဌာန၂၁ခုနှင့် စီးပွားရေးအဖွဲ့အစည်း ၂၂ခုတို့မှ ဝန်ထမ်း ၁၃၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးလကြာမြင့်ခဲ့သည်။ (သတင်းစဉ်)

## စိတ်ဝင်စားဖွယ် စက်ရုပ်သတင်းစုံလင်စွာဖြင့် ယခုတစ်ပတ် ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

ရန်ကုန် မတ် ၁၈

ယခုတစ်ပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၁၂)တွင် "လိင်စိတ်မူမမှန်မှုများနှင့် ပတ်သက်၍ ဆေးပညာရှင်၊ စိတ်ပညာရှင်များ၏ ကျန်းမာရေးပညာပေး အထူးသုံးသပ်ဆောင်းပါး"၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်က မြန်မာကို အေးချမ်းပြီး စည်းစနစ်ကျသောနိုင်ငံအဖြစ် ချီးကျူး၊ နိုင်ငံပိုင်စက်ရုံများ ပုဂ္ဂလိကသို့ လွှဲပြောင်းပေးရန်အသင့်ရှိဟု ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ပြောကြား၊ မဟာမဲခေါင်ဒေသသတင်းအချက်အလက်အမြန်ဆက်ကြောင်း စီမံကိန်း မြန်မာ-တရုတ် ဖိုင်ဘာဆက်ကြောင်း တည်ဆောက်ပြီးစီး၊ နိုင်ငံတကာဆိပ်ကမ်းဖြစ်လာမည့် ကုလားတန်မြစ်ဝှမ်းစီမံကိန်း အိန္ဒိယက ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံမည်၊ ဂွမ်မင်းနေ့စဉ်တရုတ်သတင်းစာကြီး ရန်ကုန်တွင်ရုံးခွဲဖွင့်၊ မန္တလေးစီးတီးအက်ဖ်အမ် ဧပြီလဆန်းတွင် စတင်ထုတ်လွှင့်တော့မည်၊ အင်တာနက်ဆက်သွယ်မှု နှေးကွေးရခြင်းအကြောင်းရင်း၊ ဂျီအက်စ်အမ် Voice Mailကို Virtualနံပါတ်ဖြင့် ယခုနှစ်မကုန်မီ သုံးစွဲနိုင်တော့မည်။ ဆရာကြီးမင်းသိခ်ကျန်းမာရေး အခြေအနေ၊ မေဆွိသေ မသေ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ'ပရဟိတ'အကြောင်း စသည့် ပြည်တွင်းရေးရာသတင်း ဝေဝေဆာဆာ နောက်ဆုံးစက်ရုပ်သတင်းများဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတကာဆက်ဆံမှုများကို လှုံ့ဆော်နိုင်သည့် အဓိကအချက်စင်ကာပူသမ္မတထောက်ပြ၊ ၈၆နှစ်အရွယ်ရှိ နာဇီစစ်ရာဇဝတ်ကောင် ထောင်ဒဏ်မှရှောင်တိမ်းနေဆဲဖြစ်၊ ဆီယာရာလီယွန်တွင် တူးဖော်ရရှိသည့်စိန်ကြီး ပြည်ပခိုးထုတ်၊ မျိုးချစ်စိတ်ဖော်ကျူးသည့် သစ္စာခံကျိန်ဆိုမှု အစီအစဉ်တိုင်ပင်ခြင်းမပြု၍ ဘရောင်းကို ဘုရင်မကြီးအမျက်ထွက်၊ ဆော်ပိုမိုမြို့ ဆင်းရဲသားရပ်ကွက်၌ ဇီဒန်းကဘောလုံးကစားကွင်းဖွင့်၊ တရုတ်သမ္မတအဖြစ် ဟူကျင်တောင်ပြန်လည်အရွေးခံရ၊ သွားကျန်းမာရေးလေ့လာချက်တွင် လုဘ်ဘောက်မြို့သည် အနိမ့်ဆုံးအဆင့်ရှိ၊ 'သက်ကြီးရွယ်အိုများကို ဆေးထိုးသတ်ဖြတ်ခဲ့သော သူနာပြုလူသတ်သမားအကြောင်း' နိုင်ငံတကာမှုခင်းရေးရာ၊ 'ပြောရဦးမယ် သူတို့က ဒီလိုတဲ့' နိုင်ငံတကာ ဖျော်ဖြေရေးကဏ္ဍသစ်၊ ရင်တမမ အားပေးကြရဦးမည့် ပရီမီယာလိဂ်ပွဲစဉ်(၃၁) အားကစားသုံးသပ် စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ နည်းပညာနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media Houseက မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၃-၂၀၀၈(ဗုဒ္ဓဟူးနေ့)

AM & PM

| | | |
|---|---|---|
| ၇း၀၀ | ၁း၀၀ | MRTV-4 အဖွင့် Logo ယနေ့အစီအစဉ် |
| ၇း၀၅ | ၁း၀၅ | ကံ၏ရောင်ပြန်ပုံတင်သံ တရားတော် (ဒုတိယပိုင်း) [ဘဒ္ဒန္တပညာဝံသ (ပုပ္ပားစကားဝါမြေဆရာတော်)] |
| ၇း၄၀ | ၁း၀၀ | Industrial Talk [ဦးမြင့်ဆွေ၊ ဦးခင်မောင်ဝင်း၊ ဦးတင်အောင်ရွှေ(သုတေသီ)] |
| ၈း၀၅ | ၂း၀၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၈း၃၀ | ၂း၃၀ | အံ့ဖွယ်ထင်ရှား ကျိုက္ခမီဘုရား ဝပ်တွားအလီလီနိဗ္ဗာန်ရည် |
| ၈း၅၀ | ၂း၅၀ | တေးဂီတအစီအစဉ် |
| ၈း၅၅ | ၂း၅၅ | Midweek Sports News |
| ၉း၁၀ | ၃း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၀ | ၃း၂၀ | မြန်မာကြိုက်နဲ့သာဖြူပရုတ်ဆီ |
| ၉း၃၀ | ၃း၃၀ | တေးဂီတအစီအစဉ် |
| ၉း၃၅ | ၃း၃၅ | Yangon Panorama |
| ၉း၅၀ | ၃း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၅ | ၃း၅၅ | တေးဂီတအစီအစဉ် |
| ၁၀း၀၀ | ၄း၀၀ | မွန်မြတ်သောအလှူ |
| ၁၀း၃၅ | ၄း၃၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၄၀ | ၄း၄၀ | နေထိုင်မှုဝင့်ကြွား အဆင့်မြင့်အိမ်ရာစီမံကိန်းများ (Central Tower) |
| ၁၁း၀၅ | ၅း၀၅ | တေးဂီတအစီအစဉ် |
| ၁၁း၁၀ | ၅း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၂၀ | ၅း၂၀ | အံ့ဖွယ်ထူးခြားဖြစ်စဉ်များနဲ့ ဖူးမဝတဲ့ ဆံတော်ရှင် ဦးဇိနစေတီတော် |
| ၁၁း၃၅ | ၅း၃၅ | တေးဂီတအစီအစဉ် |
| ၁၁း၄၀ | ၅း၄၀ | လက်နှင့်ပြုလုပ် ပြင်ဦးလွင်အုတ် |
| ၁၁း၅၀ | ၅း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၅၅ | ၅း၅၅ | အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ တကူးကူးကူ တေးစီးရီးမိတ်ဆက် |
| ၁၂း၂၀ | ၆း၂၀ | တေးဂီတအစီအစဉ် |
| ၁၂း၃၀ | ၆း၃၀ | International Video Topics (ပြိုင်ပွဲဝင်စက်ရုပ်များ) |
| ၁း၀၀ | ၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**English Premier League ဘောလုံးပွဲစဉ်များ**

| နံနက်ပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂း၂၄ | Tottenham-Chelsea | ESPN (Live) |
| ၂း၂၄ | Man Utd-Bolton | Star Sport (Live) |

**Series A ဘောလုံးပွဲစဉ်**

| နံနက်ပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂း၄၅ | Lazio-Roma | 5-Cartoon (Live) |

**မီးကြွင်းမီးကျန်မရှိရန် ကျင့်ကြံသတိအမြဲရှိ**

# ဘင်္ဂလားဒေ့ရှ်လေကြောင်း ဘီမန်လိုင်း ဘိုးရင်းကုမ္ပဏီမှ လေယာဉ်ရှစ်စင်း ဝယ်မည်

ဒါကာ မတ် ၁၈

**ဘင်္ဂလားဒေ့ရှ် အမျိုးသား လေကြောင်းဘီမန်က ဘိုးရင်း လေယာဉ်ကုမ္ပဏီမှ လေယာဉ်ရှစ်စင်း ဝယ်ယူရန် မတ် ၁၅ရက်က နားလည်မှု စာချွန်လွှာတစ်ရပ် လက်မှတ်ရေးထိုးခဲ့သည်။**

**ဝယ်ယူ**

အဆိုပါ နားလည်မှုစာချွန်လွှာအရ အမေရိကန် ဘိုးရင်းကုမ္ပဏီမှ ဘိုးရင်း ၇၇၇-၃၀၀ အီးအာလေယာဉ် အမျိုးအစား လေးစင်းနှင့် ဘိုးရင်း ၇၈၇-၈ လေယာဉ်လေးစင်းတို့ကို ဝယ်ယူသွားမည်ဟု ဆိုသည်။

**လက်မှတ်ရေးထိုး**

ယင်းနားလည်မှု စာချွန်လွှာကို ဘီမန် မန်နေးဂျင်းဒါရိုက်တာ အမ်အေမိုမန်နှင့် ဘိုးရင်း ညွှန်ကြားရေးမှူး ချုပ် (လေယာဉ် ရောင်းဝယ်ရေး) ဂလင်း အောဂရင်းတို့က ဘီမန်လေကြောင်း ရုံး၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

**လက်ခံရရှိ**

အမေရိကန် ဒေါ်လာ ၁ဒသမ၂၆ ဘီလီယံတန်ဖိုးရှိ အဆိုပါ လေယာဉ် ရှစ်စင်းကို ၂၀၁၃ ခုနှစ်တွင် လေးစင်း နှင့် ၂၀၁၇ ခုနှစ်တွင် လေးစင်း ဘိုးရင်းကုမ္ပဏီထံမှ ဘင်္ဂလားဒေ့ရှ် လေကြောင်းက လက်ခံရရှိမည် ဖြစ်သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# ကမ္ဘာ့အကြီးဆုံး ပုံနှိပ်စက်အင်္ဂလန်၌ ဖွင့်လှစ် တစ်နာရီစောင်ရေခုနစ်သောင်းအထိရိုက်နှိပ်နိုင်

လန်ဒန် မတ် ၁၈

**ကမ္ဘာ့အကြီးဆုံး ပုံနှိပ်စက်ကြီး**(အောက်ပုံ)**ကို မတ် ၁၇ ရက်က အင်္ဂလန်နိုင်ငံ အရှေ့တောင်ပိုင်း ဟတ်ဖို့ဒ်ရှိုင်းယား ပြည်နယ် ဘရောက်စ်ဘောင်းမြို့၌ ဖွင့်လှစ်လိုက်ပြီဖြစ်သည်။**

**ယင်းပုံနှိပ်စက်ရုံကြီးကိုဒီတိုင်း(မ်)၊ ဆန်းဒေးတိုင်း(မ်)နှင့် ဒီဆန်းသတင်း စာများထုတ်ဝေနေသော ရူးပတ်မာ ဒေါ့ချ်က ပိုင်ဆိုင်သည်။**

ရိုက်နှိပ်

**၎င်းပုံနှိပ်စက်ကြီးသည် ရောင်စုံ ပုံနှိပ်စက်ဖြစ်ပြီး ဘောလုံးကွင်း ၂၃ ကွင်း အရွယ်အစားရှိသည်။ တစ်နာရီ လျှင် သတင်းစာစောင်ရေ ၇၀၀၀၀ ရိုက်နှိပ်နိုင်ကြောင်း သိရသည်။**

ပြောကြား

**အဆိုပါပုံနှိပ်စက်ကြီးသည်အဆင့် မြင့်နည်းပညာများ အသုံးပြုထုတ်လုပ် ထားခြင်းဖြစ်ပြီး အမျိုးအစား စုံလင် သော သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ် အမျိုးမျိုးတို့ကို ရောင်စုံများဖြင့် ပုံနှိပ် ထုတ်ဝေနိုင်ကြောင်း ရူးပတ်မာဒေါ့ချ် က ပြောကြားသည်။**

ဖြန့်ဖြူးရောင်းချ

**ယင်းပုံနှိပ်စက်သစ်ကြီးကိုဖွင့်လှစ် နိုင်ခဲ့ခြင်းကြောင့် သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်အမျိုးမျိုးတို့ကို ပြည်သူများအား ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချ ပေးနိုင်တော့မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။**

(အင်တာနက်)

# ကင်ညာ၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများ အစီအစဉ်တကျ ဆောင်ရွက်ခဲ့ခြင်းဖြစ်

**နိုင်ရိုဘီ မတ် ၁၈**

ကင်ညာနိုင်ငံ၌ဒီဇင်ဘာလသမ္မတ ရွေးကောက်ပွဲအပြီး ဖြစ်ပွားခဲ့သော လူမျိုးစု အကြမ်းဖက် တိုက်ခိုက်မှု (အောက်ပုံ)များသည် အစီအစဉ်တကျ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း နယူး ယောက်အခြေစိုက်စောင့်ကြည့်လေ့လာ ရေးအဖွဲ့က ပြောကြားသည်။

**ဖွဲ့စည်း**

သမ္မတကီဘာကီ၏ ကီကုရု အဖွဲ့ဝင်များသည် ဒေသဆိုင်ရာခေါင်း ဆောင်များနှင့် ဖွဲ့စည်းထားသည်ဟု ဆိုသည်။

**ပြောကြား**

ယင်းအဖွဲ့ဝင်များသည် နိုင်ငံ တည်ငြိမ်ရေးဆောင်ရွက်ရန် အဓိက တာဝန်ရှိနေကြောင်း အဆိုပါ လေ့လာ ရေးအဖွဲ့က ပြောကြားသည်။

**စွန့်ခွာထွက်ပြေး**

ကင်ညာနိုင်ငံ၌ရွေးကောက်ပွဲအပြီး အကြမ်းဖက်မှုများ ဖြစ်ပွားစဉ်အတွင်း လူပေါင်း ၁၅၀၀ ကျော် သေဆုံးပြီး ၆၀၀၀၀၀ ကျော် နေအိမ်များကို စွန့်ခွာထွက်ပြေးကြရသည်။

**သဘောတူ**

ကင်ညာသမ္မတ ကီဘာကီနှင့် အတိုက်အခံ ခေါင်းဆောင်ဟောင်း အိုဒင်ဂါတို့သည် အာဏာခွဲဝေအုပ် ချုပ်ရန် သဘောတူစာချုပ်ထားသည်။

**စုံစမ်း**

သို့သော်လည်း ခေါင်းဆောင် လုပ်မည့်သူများသည် အကြမ်းဖက် အဖွဲ့အစည်းများနှင့် ဆက်နွှယ်မှုရှိမရှိ ကို စုံစမ်းရန်လိုကြောင်း ၎င်းလေ့လာ ရေးအဖွဲ့က ပြောကြားသည်။

**(အင်တာနက်)**

# ကိုကင်း ၁၁ တန်ကျော် ကိုလံဘီယာ၌ နှစ်ရက်အတွင်းဖမ်းမိ

**ဘိုဂိုတာ မတ် ၁၈**

ကိုလံဘီယာမူးယစ်ဆေးဝါး တိုက်ဖျက်ရေးအဖွဲ့က လွန်ခဲ့သော နှစ်ရက်က မူးယစ်ဆေးဝါးမှောင်ခိုများအား ဝင်ရောက်စီးနင်းခဲ့ရာ ကိုကင်း ၁၁ တန်ကျော် ဖမ်းဆီးရမိကြောင်း ရဲအဖွဲ့က မတ် ၁၇ ရက်တွင်ပြောကြားသည်။

**ဖမ်းဆီး**

အဆိုပါကိုကင်းများကို နိုင်ငံ၏အနောက်မြောက်ပိုင်း ကာတာဂျင်းနားမြို့ ဆိပ်ကမ်း၌ ကွန်တိန်နာများဖြင့်ဝှက်၍ ထည့်ထားစဉ် ဖမ်းဆီးခဲ့သည်ဟု ဆိုသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

အီရတ်နိုင်ငံ ဆာဒါမြို့တွင် ဒေသခံများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များအကြား အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို တွေ့ရစဉ်။ **(အင်တာနက်ဓာတ်ပုံ)**

# လယ်ယာမြေသစ်များ ဖိလစ်ပိုင်၌ ဖော်ထုတ် ပြောင်းဖူးအဓိက တိုးမြှင့်စိုက်ပျိုးရန်တိုက်တွန်း

မနီလာ မတ် ၁၈

**ဖိလစ်ပိုင်နိုင်ငံ၌ ဆင်းရဲနွမ်းပါးသော ကုန်းမြင့်လယ်ယာလယ်သမားများ၏ ဘဝကိုမြှင့်တင်ပေးနိုင်ရေး နိုင်ငံ တစ်ဝန်းပြောင်းဖူး တိုးမြှင့်စိုက်ပျိုးရန် ဖိလစ်ပိုင်သမ္မတ ဂလိုရီယာမာကါပါဂဲလ်အာရိုယိုက ပြောကြားလိုက်သည်။**

**ရှင်သန်ရပ်တည်**

ယင်းပြောင်းဖူးစိုက်ပျိုးရေး စီမံ ကိန်းသည် ဖိလစ်ပိုင်အစိုးရက လယ် ယာမြေသစ်အနည်းဆုံး နှစ်သန်းဖော် ထုတ်သွားမည့် အစိတ်အပိုင်းတစ်ခု ဖြစ်ကြောင်း၊ ယင်းလယ်ယာမြေသစ် များ ဖော်ထုတ်စိုက်ပျိုးမည့် စီမံကိန်း တွင် ပြောင်းဖူးစိုက်ပျိုးထုတ်လုပ်မည့် ဟက်တာ ၂၈၀၂၅၀ ပါဝင်ကြောင်း၊ ဆင်းရဲနွမ်းပါးသောကုန်းမြင့်လယ်ယာ လယ်သမားသန်း၂၀ကျော်သည်ပြောင်းဖူး စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် ဘဝရှင် သန်ရပ်တည်နိုင်လိမ့်မည်ဖြစ်ကြောင်း သမ္မတအာရိုယိုက သမ္မတနန်းတော်၌ မတ် ၁၆ရက်က ပြောကြားခဲ့ခြင်းဖြစ် သည်။

**တိုက်တွန်း**

ဆင်းရဲနွမ်းပါးသော လယ်သမား များအား ပြောင်းဖူးကို ဝင်ငွေတိုးတက် ရရှိစေရန် ရာနှုန်းပြည့် စိုက်ပျိုးရမည့် အပြင် အခြားဟင်းသီးဟင်းရွက်များ တိုးချဲ့ စိုက်ပျိုးပြီး မွေးမြူရေးကိုပါ တစ်ပိုင်တစ်နိုင် တိုးချဲ့လုပ်ကိုင်ရန် သမ္မတအာရိုယိုက တိုက်တွန်းလိုက် သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

## ဘဝအမောပြေ

### ဒါကြောင့်ပါ...

ကျောင်းမှ ပြန်လာသော မူလတန်းကျောင်းသူ သမီးငယ်က အမေဖြစ်သူအား သူ့ခံစားမှုကို ပြောပြလေသည်။

**သမီးငယ်** ။ ။ မေမေရယ်... သမီးကိုကျောင်းက စိတ်ညစ်အောင် လုပ်လိုက်ပြန်ပြီ။

**မိခင်** ။ ။ ဟင်...ဘယ်သူက ဘာလုပ်လိုက်လို့လဲ မေမေ့ကို ပြောပြပါဦး...

**သမီးငယ်** ။ ။ ဘယ်သူမှ မလုပ်ပါဘူး မေမေ။

**မိခင်** ။ ။ ဒါဆိုရင် ဘယ်လိုဖြစ်လို့လဲ သမီးရယ်။ ဘာကြောင့်လဲ...

**သမီးငယ်** ။ ။ အိမ်စာတွေ...ပေးလိုက်လို့ပါ။

**မိခင်** ။ ။ "ဩော်"

## နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

**တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်**

# ပါကစ္စတန်နိုင်ငံ၏ ပါလီမန်အစည်းအဝေး ရွေးကောက်ပွဲအပြီး ပထမအကြိမ် ကျင်းပ

**အစ္စလမ္မာဘတ် မတ် ၁၈**

ပါကစ္စတန်ရွေးကောက်ပွဲအပြီးတွင် ပါကစ္စတန်ပါလီမန်သစ်အနေဖြင့် ပထမဆုံးအကြိမ် အစည်းအဝေး ကျင်းပသည်။

လုပ်ကြံခံရသည့် ကွယ်လွန်သူဝန်ကြီးချုပ်ဟောင်း ဘာနာဇီယာဘူတို၏ ပါကစ္စတန်ပြည်သူ့ပါတီ(ပီပီပီ)နှင့် ဝန်ကြီး ချုပ်ဟောင်း နဝပ်ရှရစ်ဖ်၏ ပါကစ္စတန် မွတ်စလင်အဖွဲ့ချုပ် နဝပ်(ပီအမ်အယ်လ်အင်န်) ပါတီတို့က ညွန့်ပေါင်းအစိုးရ ဖွဲ့ရန် သဘောတူညီကြပြီး ဖြစ်သည်။

အစည်းအဝေးတွင်ပါလီမန်အမတ် ၃၄၂ ဦးတို့က ကျမ်းသစ္စာ ကျိန်ဆိုလိုက်ကြသည်။ ပီပီပီခေါင်းဆောင်ဇာဒါရီမှာ ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခံရန် သတ်မှတ်ချက်မပြုလုပ်ချေ။ သို့သော် ရွေးကောက်ပွဲတွင် အမတ်နေရာ အများဆုံး ရရှိသည့်အတွက် ပီပီပီပါတီက ဝန်ကြီးချုပ် အမည်စာရင်းတင်သွင်းမည်ဟု မျှော်လင့်ရသည်။

ပီပီပီပါတီမှ ဝန်ကြီးချုပ်ကို ရွေးချယ်မည်ဖြစ်ကြောင်း နဝပ်ရှရစ်ဖ်၏ ပီအမ်အယ်လ်အင်န်ပါတီဥက္ကဋ္ဌက ထုတ်ဖော် ပြောဆိုသော်လည်း မည်သူမည်ဝါဟု ပြောကြားရန် ငြင်းဆိုသည်။ **(အင်တာနက်)**

# အနာဂတ်၌ တောက်ပလာမည့်ဂိုင်ယာနာနိုင်ငံ

သတင်းအက်ဆေး

ဂိုင်ယာနာ သမ္မတနိုင်ငံသည် တောင်အမေရိက တိုက် မြောက်ဘက်ကမ်းခြေဒေသတွင် တည်ရှိသည်။ ဂိုင်ယာနာသမ္မတနိုင်ငံသည် သစ်ပင်အမျိုးမျိုး၊ တိရစ္ဆာန် အဖုံဖုံ စုံလင်စွာတည်ရှိသော ထူးခြားသည့် ဂေဟစနစ် ကြောင့် ဂုဏ်ယူနိုင်သည့် နိုင်ငံဖြစ်သည်။ သို့သော် ဤနိုင်ငံ၏ စီးပွားရေးမှာ တောင်အမေရိကတိုက်တွင် အနုံချာ အဆင်းရဲဆုံး စာရင်းဝင်နေသည်ကိုလည်း တွေ့နိုင်သည်။

## သဘာဝသစ်တော

ခြားနားကွဲပြားသော အပင်ငယ်များ၊ သစ်ကြီး ဝါးကြီးများ၊ ထူးထွေဆန်းပြားသော ငှက်ကျေးသာရကာ များ၊ ပိုးမွှားများ၊ ဧရာမသားကောင်များဖြင့် ပြည့်လျှံနေသည့် အပူပိုင်းမိုး သစ်တောများမှာ သဘာဝနှင့် တိရစ္ဆာန်များကို စိတ်ဝင်တစားရှိကြသည့် ကမ္ဘာလှည့်ခရီးသည်များ အထူး စိတ်ဝင်စားကာ မလာမနေနိုင်အောင် ဆွဲဆောင်နိုင်စွမ်းရှိသည်။

သို့သော် နိုင်ငံရေးအရှုပ်တော်ပုံများ၊ လူမျိုးရေးတင်းမာမှုများ၊ စီးပွားရေး စီမံခန့်ခွဲမှုညံ့ဖျင်းမှုတို့ကြောင့် ဗြိတိသျှကိုလိုနီ ထမ်းပိုး အောက်မှ လွတ်မြောက်လာသည့်တိုင် စီးပွားရေးပြဿနာ သပွတ်အူလိုက်ကာ ဂိုင်ယာနာပြည်သူတို့မှာ ဆင်းရဲတွင်း နက်မြဲနက်လျက်ရှိသည်။ ၁၉၆၆ခုနှစ်တွင် လွတ်လပ်ရေးရရှိသည့် ဤနိုင်ငံသည် တောင်အမေရိကတိုက်၌ တစ်ခုတည်းသော အင်္ဂလိပ်စကားပြောနိုင်ငံ ဖြစ်သည်။

ဂိုင်ယာနာနိုင်ငံကို ခရစ္စတိုဖာကိုလံဘတ်က ၁၄၉၈ခုနှစ်တွင် စတင်တွေ့ရှိသည်။ ၁၅၈၀ပြည့်နှစ်တွင် ဒတ်ချ်တို့က ကုန်သွယ်ရေး ဌာနများ ထူထောင်သည်။ ၁၇၈၀-၁၈၁၃ ခုနှစ်များအတွင်းတွင် ဂိုင်ယာနာကို ဒတ်ချ်၊ ပြင်သစ်နှင့် ဗြိတိန်တို့က လက်ပြောင်းလက်လွှဲ သုံးလေးကြိမ်ပြုလုပ်သည်။ ၁၈၁၄ခုနှစ် နပိုလီယံစစ်ပွဲများကာလအတွင်း ဂိုင်ယာနာကို ဗြိတိန်ကသိမ်းလိုက်သည်။ ၁၈၃၁ခုနှစ်တွင် ဂိုင်ယာနာကိုဗြိတိန်ကိုလိုနီအဖြစ် တရားဝင်ကြေညာသည်။ ၁၈၃၄ခုနှစ်တွင် ကျွန်စနစ်ကို ဖျက်သိမ်းသည်။ အာဖရိကကျွန်များကို လွတ်ပေးလိုက်သည်။ အိန္ဒိယမှ စာချုပ်ဖြင့် အလုပ်သမား များ ခေါ်ယူအစားထိုးလိုက်သည်။ စိုက်ပျိုးရေးလုပ်ငန်း၌ အိန္ဒိယလူမျိုးများ ရောက်လာသည်။



ဂိုင်ယာနာနိုင်ငံရှိ ရေတံခွန်တစ်ခုကို ဤသို့ တွေ့ရသည်။

## ထူထောင်

၁၈၇၉ခုနှစ်တွင် ဂိုင်ယာနာတွင် ရွှေတွေ့ရှိသည်။ ၁၉၅၃ ခုနှစ်တွင် လက်ဝဲအင်ဒိုဂိုင်ယာနာတိုးတက်သော ပြည်သူ့ပါတီ(ပီပီပီ) အနိုင်ရသည့် ဒီမိုကရေစီ ရွေး ကောက်ပွဲအပြီးတွင် ဗြိတိန်က ဂိုင်ယာနာဖွဲ့စည်းပုံအခြေခံ ဥပဒေကိုရုပ်ဆိုင်းပြီး တပ်ဖွဲ့ဝင်များ စေလွှတ်ကာ ကြား ဖြတ် အစိုးရထူထောင်ပေးသည်။ ၁၉၅၇ ခုနှစ်တွင် ဂိုင်ယာနာဖွဲ့ စည်းပုံအခြေခံဥပဒေကို ဗြိတိန်က ပြန်လည် ပြဋ္ဌာန်းပေးသည်။ ပီပီပီပါတီမှာလည်း လူမျိုးအလိုက် နှစ်ခြမ်းကွဲသွားသည်။ အိန္ဒိယလူမျိုး အများစုပါသည့် ပီပီပီကို ချက်ဒီဂျာဂန်ကဦးဆောင်ပြီး၊ အာဖရိကနွယ်ဖွား ဖော်ဘီကန်ဟမ်းက ပြည်သူ့အမျိုးသား ကွန်ဂရက် (ပီအင်စီ)ပါတီကို ဦးဆောင်သည်။ ၁၉၆၃ခုနှစ်တွင် အာဖရိကနွယ်ဖွားများနှင့် ဂျာဂန်ဦးဆောင်သော အိန္ဒိယနွယ်ဖွားများအကြား လူမျိုးရေးပဋိပက္ခဖြစ်သည်။ ၁၉၆၆ခုနှစ်တွင် ဂိုင်ယာနာနိုင်ငံ လွတ်လပ်ရေးရခဲ့သည်။ ဘန်ဟမ်းဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၇၀ပြည့်နှစ်တွင် ဂိုင်ယာနာသည် ဗြိတိသျှဓနသဟာယအတွင်းမှ သမ္မတနိုင်ငံဖြစ်လာခဲ့သည်။ ရေမွှန်အာသာချန်ဂတ်မှာ မည်ကာမတ္တသမ္မတဖြစ်သည်။

## ပထမဆုံး

၁၉၈၀ ပြည့်နှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲပြဋ္ဌာန်းသည်။ ဘန်ဟမ်းသည် ပထမဆုံးသမ္မတဖြစ်လာသည်။ ၁၉၈၅ ခုနှစ်တွင် ဘန်ဟမ်းကွယ်လွန်ပြီးနောက် ပီအင်စီမှ ဒက်စမွန်ဟွိုင်း သမ္မတဖြစ်လာသည်။

၁၉၉၂ ခုနှစ်တွင် လွတ်လပ်ရေးရပြီးနောက် ပထမဆုံး ပီပီပီပါတီ ရွေးကောက်ပွဲ၌ အနိုင်ရပြီး ချက်ဒီချာဂန် သမ္မတဖြစ်လာသည်။ ၁၉၉၇ ခုနှစ်တွင် ဂျာဂန်ကွယ်လွန်သဖြင့် ဇနီး ဂျနက်ဂျာဂန် သမ္မတဖြစ်လာသည်။ ၁၉၉၉ ခုနှစ်တွင် ဂျနက်ဂျာဂန် ကျန်းမာရေးကြောင့် ရာထူးမှနုတ်ထွက်သောအခါ ဘာရက်ဂျက်ဒီယို သမ္မတဖြစ်လာသည်။ ၂၀၀၆ ခုနှစ် ဩဂုတ်လတွင် နောက်ထပ်ငါးနှစ်သက်တမ်းအတွက် ရွေးကောက်ပွဲတွင် သမ္မတအဖြစ် အရွေးခံရသည်။

## အစုအပြုံလိုက်

၁၉၇၈ ခုနှစ်က အဖြစ်ဆိုးကြောင့် ဂိုင်ယာနာနိုင်ငံမှာ တောင်အမေရိကတွင်သာမက တစ်ကမ္ဘာလုံးတွင် ဟိုးလေးတကျော်ဖြစ်ခဲ့ ရသည်။ ဤအဖြစ်မှာ ဘာသာရေးခေါင်းဆောင် ဂျင်ဂျုန်း၏ နောက်လိုက်များက ဂျုန်းတောင်တွင် လူပေါင်းကိုးရာအစုအပြုံလိုက် အဆိပ်သောက်သေသွားကြခြင်းဖြစ်သည်။ ဂိုင်ယာနာနိုင်ငံ၏ လူဦးရေ ၇၃၈၀၀၀ ရှိသည့်အနက် သုံးပုံတစ်ပုံမှာ အာဖရိကကျွန်းများမှ ဆင်းသက်လာသူများဖြစ်ပြီး ထက်ဝက်နီးပါးမှာ ကျွန်စနစ် ဖျက်သိမ်းပြီးနောက် လယ်ယာစိုက်ပျိုးရေးအတွက် စာချုပ်ဖြင့်ခေါ်လာသူ အိန္ဒိယလူမျိုးများမှ ဆင်းသက်ပေါက်ဖွားလာသူများဖြစ်သည်။ အဓိကနိုင်ငံရေးပါတီကြီး နှစ်ရပ်မှာလည်း လူမျိုးအရကွဲနေခြင်းဖြစ်သည်။

## ပြဿနာကြုံ

ကြံလုပ်ငန်းမှာ အလုပ်အကိုင်အများဆုံးပေးပြီး အဓိကဝင်ငွေရှာပေးသည့် လုပ်ငန်းဖြစ်သော်လည်း ကုန်သွယ်ရေးမညီမျှမှုကြောင့် အလုပ်မဖြစ်၊ ပြည်ပသို့ သွားရောက်အလုပ်လုပ်သူ များလာသောအခါ ပညာရှင်ဆုံးပါးမှု ပြဿနာကြုံ ရပြန်သည်။ သို့သော် သဘာဝက ပေးထားသည့် ထုတ်ယူသုံးစွဲမကုန်သော ဂေဟစနစ်က ကမ္ဘာလှည့် ခရီးသည်များကို လက်ယပ်ခေါ်လျက်ရှိရာ ဂိုင်ယာနာနိုင်ငံ၏အနာဂတ် တောက်ပလာမည့် နိမိတ်လက္ခဏာ တစ်ခုဖြစ်ပေသည်။ ။

ကိုးကား-အင်တာနက်

တိုး-ရေးသားသည်

# ဘဝဒဿန အမြင်

* *Self -confidence is the first requisite to great undertakings.*
  ကြီးမားသော စွမ်းဆောင်မှုများကို ပြုလုပ်ရန်အတွက် မိမိကိုယ်မိမိ ယုံကြည်မှုသည် အဓိကအကျဆုံး ဖြစ်သည်။
  **ဆင်မြူရယ်ဂျွန်ဆင် (စာရေးဆရာ)**

* *Life's uncertain voyage.*
  ဘဝဆိုသည်မှာ မသေချာမရေရာသော ပင်လယ်ရေကြောင်းခရီးကို သွားနေရသည့်နှယ်ပင်ဖြစ်သည်။
  **ရှိတ်စပီးယား (စာရေးဆရာနှင့် ပြဇာတ်ရေးဆရာ)**

# ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၁၈-၃-၂၀၀၈

## ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာငွေတန်ဖိုးကျဆင်း

ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာငွေတန်ဖိုးများကျဆင်းလျက်ရှိကြောင်း၊ ယခင်ရက်များကထက် အနည်းငယ်ကျဆင်းခဲ့သည်ဟု ဂျပန်ငွေကြေးဈေးကွက်မှတာဝန်ရှိသူများကပြောကြားသည်။

ဂျပန်ငွေကြေးဈေးကွက်၌ အမေရိကန်တစ်ဒေါ်လာလျှင် ၉၅ယန်းအထိ ကျဆင်းခဲ့ပြီး ယူရိုငွေကြေးနှင့်ဖလှယ်ရာတွင် တစ်ယူရိုလျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၇၆၃ ဒေါ်လာအထိ ကျဆင်းသွားခဲ့သည်။

## ဗီယက်နမ်၌ ကြက်ငှက်တုပ်ကွေးကြောင့် တစ်ဦးသေဆုံး

ဗီယက်နမ်နိုင်ငံတွင်ကြက်ငှက်တုပ်ကွေးရောဂါကြောင့် ၁၁ နှစ်အရွယ် လူငယ်တစ်ဦး သေဆုံး ခဲ့ကြောင်း ဗီယက်နမ်အရာရှိများက ပြောကြားသည်။

အဆိုပါလူငယ်မှာ ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ဟာနမ်ပြည်နယ် သန်လိန်ခရိုင်မှ ဖြစ်ပြီး လေးရက်ကြာ ရောဂါခံစားပြီးနောက် သေဆုံးခဲ့ခြင်းဖြစ်သည်။

## ထိုင်းနိုင်ငံတောင်ပိုင်း၌ ဗုံးပေါက်ကွဲ

ထိုင်းနိုင်ငံတောင်ပိုင်း ဘန်နန်ဆာတာခရိုင်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ သုံးဦးဒဏ်ရာရရှိ ခဲ့ကြောင်း ထိုင်းရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါဗုံးမှာ လူစည်ကားရာဈေးအနီး အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲခဲ့ခြင်းဖြစ်သည်ဟု ၄င်းတို့က ပြောကြားသည်။

## တောင်ကိုရီးယား၌ကမ္ဘာ့ဒီဇိုင်းမြို့တော်အခမ်းအနားကျင်းပမည်

တောင်ကိုရီးယားနိုင်ငံဆိုးလ်မြို့တွင် ၂၀၁၀ ပြည့်နှစ်၌ ကမ္ဘာ့ဒီဇိုင်းမြို့တော် အခမ်းအနား ကျင်းပမည်ဖြစ်ကြောင်း တောင်ကိုရီးယားအရာရှိများက ပြောကြားသည်။

အဆိုပါ ကမ္ဘာ့ဒီဇိုင်းမြို့တော်အခမ်းအနား၌ ကမ္ဘာ့နိုင်ငံအသီးသီးမှ ဒီဇိုင်းလုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများက ပါဝင်ဆင်နွှဲကြမည်ဖြစ်ကြောင်း ၄င်းတို့က ပြောကြားသည်။

## ဥရုဂွေးနှင့် ဗင်နီဇွဲလားတို့ ပူးပေါင်း၍ ဂြိုဟ်တုလွှတ်တင်မည်

ဥရုဂွေးနှင့်ဗင်နီဇွဲလားနိုင်ငံတို့ ပူးပေါင်းပြီး ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို လွှတ်တင်ရန် စီစဉ်လျက်ရှိကြောင်း နှစ်နိုင်ငံအရာရှိများက ပြောကြားသည်။

အဆိုပါဂြိုဟ်တုသည် တောင်အမေရိကနိုင်ငံများအတွက် ဆက်သွယ်ရေးလုပ်ငန်းများ လျင်မြန်လာစေရန် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ အမေရိကန်ဒေါ်လာသန်း၂၅၀အကုန်ကျခံ တည်ဆောက်သွားမည်ဖြစ်ကြောင်း ၄င်းတို့က ပြောကြားသည်။

## တောင်ကိုရီးယား-လာအို ကုန်သွယ်မှုလမ်း အဆင့်မြှင့်မည်

နှစ်နိုင်ငံစီးပွားရေးတိုးတက်ဖွံ့ဖြိုးစေရန် ကုန်သွယ်မှုလမ်းကြောင်း ပြန်လည်ကောင်းမွန်ရေး ကြိုးစားဆောင်ရွက်သွားကြရန် လာအိုနှင့် တောင်ကိုရီးယားတို့ သဘောတူညီလိုက်ကြသည်။

နှစ်နိုင်ငံအကြားအရှည် ၃၆၇ ကီလိုမီတာရှိသော အမှတ် ၄ လမ်းမကြီးအား အဆင့်မြှင့်တင် သွားမည်ဖြစ်ကြောင်း နှစ်နိုင်ငံအရာရှိများက ပြောကြားသည်။

## ကမ္ဘာ့ရွှေဈေးနှုန်းများ မြင့်တက်လာ

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းပြန်လည်မြင့်တက်လာကြောင်း ဟောင်ကောင်ရွှေလုပ်ငန်း ရှင်များက ပြောကြားသည်။

တရုတ်ဈေးကွက်၌ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၀၁၉ ဒသမ ၁၈ ဒေါ်လာ အထိ မြင့်တက်လာကြောင်း ၄င်းတို့က ပြောကြားသည်။

## ရုရှားနှင့် မြောက်ကိုရီးယား ဆက်ဆံရေးတိုးမြှင့်

ရုရှားနှင့် မြောက်ကိုရီးယားနှစ်နိုင်ငံစီးပွားရေးနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးများ ပြုလုပ်သွားကြမည်ဖြစ်ကြောင်း ရုရှားအရာရှိများက ပြောကြားသည်။

ထို့အပြင်ဒေသအတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးလုပ်ငန်းများကိုလည်း အတူတကွ ပူးတွဲဆောင်ရွက်သွားကြရန် သဘောတူညီခဲ့ကြသည်။

# သတင်းမှပေးသော အသိနှင့် သတိပြုဖွယ်

## မဆင်မခြင်ဆေးလိပ်သောက်ပါလျှင် . . .

စပိန်နိုင်ငံ ဘာစီလိုနာမြို့တွင် မတ် ၁၇ရက်က ဓာတ်ငွေ့အိုးပေါက်ကွဲမှုကြောင့် လူသုံးဦး သေဆုံးခဲ့ရကြောင်း ဘာစီလိုနာရဲတပ်ဖွဲ့က ပြောကြားသည်။

အခင်းဖြစ်ပွားမှုမှာ အထပ်ရှစ်ထပ်မြင့်သော လူနေအဆောက်အအုံ၏ ပထမထပ်၌ ယိုစိမ့် နေသောဓာတ်ငွေ့အိုးအနီး စီးကရက်သောက်ရာမှ ဓာတ်ငွေ့အိုးပေါက်ကွဲပြီး မီးလောင်မှုဖြစ်ပွား ခဲ့ခြင်းဖြစ်ရာ သုံးဦးသေဆုံးပြီး အဆောက်အအုံ အစိတ်အပိုင်းအများအပြားလည်း မီးလောင်ခံ ခဲ့ရသည်။

ဤဖြစ်ရပ်မှာ ဓာတ်ငွေ့သုံးစွဲသူများအနေဖြင့် ဓာတ်ငွေ့အိုးများအနီး အမှတ်မထင် ဆေးလိပ် သောက်ခြင်းနှင့် မီးသုံးစွဲခြင်းတို့မပြုမိအောင် သတိပြုသင့်ကြောင်း ဖော်ပြလျက်ရှိသည်။

မောင်မောင်မြင့်ဆွေ

# ပြည်ပအရေးအရာ၌ ဟီလာရီအတွေ့အကြုံများရှိ အမေရိကန်သမ္မတရွေးကောက်ပွဲအကြို စကားစစ်ထိုးဆဲ

ဝါရှင်တန် မတ် ၁၈

**ဒီမိုကရက်တစ်ပါတီမှ ပြိုင်ဘက်ဟီလာရီနှင့် အိုဘားမားတို့နှစ်ဦးသည် ဝေဖန်စကားတင်စီးမခံဘဲ အပြန်အလှန်စကားစစ်ထိုး ပြောဆိုကြရာတွင် ဟီလာရီက** (ယာပုံ) **မြောက်ပိုင်းအိုင်ယာလန်သို့ ခင်ပွန်းဖြစ်သူဘီလ်ကလင်တန်ထက်ပင် ပိုမိုခရီးဆန့်ကာ စေ့စပ်ဖြေရှင်းပေးခဲ့ရကြောင်း ၎င်း၏ နိုင်ငံခြားရေးဝါဒဆိုင်ရာ အတွေ့အကြုံနှင့်ပတ်သက်၍ ခုခံပြောကြားလိုက်သည်။**

## ပြောကြား

အိုဘားမားမှာ ထိုသို့သောအတွေ့အကြုံမျိုး မရှိဟုလည်း ဟီလာရီက ပြောကြားလိုက်သည်။ မြောက်ပိုင်း အိုင်ယာလန်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ၁၉၉၈ခုနှစ် သဘောတူညီမှု ရရှိစေသည့် စေ့စပ်ဆွေးနွေးပွဲများတွင် ဟီလာရီကိုယ်တိုင် ပါဝင်ခဲ့သည့်အပြင် ယခုအထိ မျက်ခြည်မပြတ် ထိတွေ့ကူညီပေးလျက်ရှိသည်ဟုလည်း ဟီလာရီက ထုတ်ဖော်ပြောကြားသည်။ ဤသည်မှာ ဘီလ်ကလင်တန်သည် အမေရိကန်သမ္မတအဖြစ်တာဝန်ယူစဉ် ဟီလာရီပါဝင်သည့် နိုင်ငံခြားရေးရာ ကိစ္စများအနက် တစ်ခုသာဖြစ်သည်။

## ယှဉ်ပြိုင်

ထိုအတောအတွင်း အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ရီပတ်ဘလီကင်ပါတီ သမ္မတလောင်းအဖြစ် ယှဉ်ပြိုင်အရွေးခံရန် သေချာနေသူ ဂျွန်မက်ကိန်းမှာ အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်သို့ ရောက်ရှိနေသည်။

## ထောက်ခံ

ဂျွန်မက်ကိန်းသည် ဗီယက်နမ်စစ်ပြန်တစ်ဦးဖြစ်သည့်ပြင် အီရတ်သို့ အမေရိကန် တပ်ဖွဲ့ဝင်များ တိုးချဲ့ဖြန့်ကြက်ရေးကိုလည်း ထောက်ခံသူဖြစ်သည်။

## တွေ့ဆုံ

အီရတ်ခရီးစဉ်အတွင်းတွင် မက်ကိန်းသည် အမေရိကန် အရာရှိများ၊ အီရတ်အရာရှိများနှင့် တွေ့ဆုံမည်ဖြစ်သည်။

ထို့ပြင်ဂျွန်မက်ကိန်းသည် ယခုရက်သတ္တပတ်အတွင်း လန်ဒန်၊ ပါရီနှင့် အစ္စရေးနိုင်ငံ ဂျေရုဆလမ်တို့သို့ သွားမည်ဟု စီစဉ်ထားသည်ဆို၏။

**(အင်တာနက်)**

# မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# အီရန်နျူကလီးယားစေ့စပ်ရေးမှူးဟောင်း ရွေးကောက်ပွဲနိုင် အစိုးရနှင့်လက်တွဲဆောင်ရွက်မည်ဟု ကြေညာ

**ကွမ် မတ် ၁၈**

အီရန်ရွေးကောက်ပွဲတွင် အနိုင်ရလိုက်သည့် အီရန်နိုင်ငံ၏နျူကလီးယား စေ့စပ်ရေးမှူးဟောင်း အလီလာရီဂျာနီက နျူကလီးယား အစီအစဉ်နှင့်ပတ်သက်၍ သူနှင့် သမ္မတမာမွတ်အာမတ်ဒီနီဂျက်ဇ်တို့သည် လုပ်နည်းလုပ်ဟန်တွင် ကွဲလွဲမှုရှိသော်လည်း အခြေခံ သဘောထားတွင် တူညီကြကြောင်း၊ သူ့အနေဖြင့် အစိုးရနှင့်လက်တွဲလုပ်ဆောင်သွားမည် ဖြစ်ကြောင်း မတ် ၁၅ ရက်က ပြောကြားလိုက်သည်။

## ပဋိပက္ခ

အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်နှင့်ပတ်သက်၍ အနောက်အုပ်စုနှင့်ရင်ဆိုင်ရသည့် ပဋိပက္ခတွင် မည်သို့ကိုင်တွယ်ရမည် ဆိုသောအချက်ကို သမ္မတ မာမွတ်အာမတ်ဒီနီဂျက်ဇ်နှင့် သဘောထားကွဲလွဲပြီးနောက် အလီလာရီဂျာနီသည် လွန်ခဲ့သည့်နှစ်က ရာထူးမှ နုတ်ထွက်ခဲ့သည်။

မတ် ၁၄ရက်က ရွေးကောက်ပွဲတွင် သူအနိုင်ရလိုက်သည့် ကွမ်မြို့၌ အလီလာရီဂျာနီက အထက်ပါအတိုင်း ထုတ်ဖော်ပြောကြားသည်။

**(အင်တာနက်)**

# တတိယအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပမည်

ဖနောင်ပင် မတ် ၁၈

**တတိယအကြိမ် မဟာမဲခေါင်ဒေသခွဲ(ဂျီအမ်အက်စ်)ထိပ်သီးအစည်းအဝေးကို မတ်၃၁ရက်တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပမည်ဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်(အေဒီဘီ)က ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။**

အဆိုပါ ထိပ်သီး အစည်းအဝေးသည် ဒေသတွင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်လာရေး၊ မဲခေါင်နိုင်ငံများအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။ မဲခေါင်နိုင်ငံများမှာ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်တို့ ပါဝင်သည်။

ယင်းနိုင်ငံများတွင် အခြေခံအဆောက်အအုံများတိုးတက်လာရေး၊ကုန်သွယ်ရေးနှင့် ပို့ဆောင်ရေးသွားလာမှု အဆင်ပြေစေရေး၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု တိုးတက်လာရေး၊ ပတ်ဝန်းကျင် စီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်ရေးနှင့် အခြားအစီအမံများ ဖွံ့ဖြိုးတိုးတက်လာရေးတို့အတွက် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း ၎င်းထုတ်ပြန် ကြေညာချက်တွင် ဖော်ပြသည်။

ယင်းထိပ်သီး အစည်းအဝေးသို့ တက်ရောက်လာသော နိုင်ငံ့ခေါင်းဆောင်များသည် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ အဖွဲ့ဝင်နိုင်ငံအားလုံး၏ ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ဆောင်ရွက်ရေးစသော ကိစ္စရပ်များကို ဆွေးနွေးကြမည်ဟု ဆိုသည်။

## ညှိနှိုင်းဆောင်ရွက်

အေဒီဘီက မဲခေါင်မြစ်ဝှမ်းတစ်လျှောက် စတုရန်းကီလိုမီတာ ၈၁၀၀၀၀ ကျယ်ဝန်းသောဒေသကို ဂျီအမ်အက်စ် အဖြစ် သတ်မှတ်ထားသည်။ ယင်းဘဏ်က အဆိုပါ ခြောက်နိုင်ငံ၏ ဖွံ့ဖြိုးရေးကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ပေးရန် ဂျီအမ်အက်စ် အစည်းအဝေးများကို ကျင်းပပေးလျက်ရှိသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# ကမ္ဘောဒီးယားနှင့်ထိုင်း ကုန်သွယ်မှုကဏ္ဍ ယခင်နှစ်အတွင်း ၁၀ရာခိုင်နှုန်း တိုးမြှင့်လျက်ရှိ

**ဖနောင်ပင် မတ် ၁၈**

ယခင်နှစ်အတွင်း ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏမှာ ၁၀ဒသမ၅၆ ရာခိုင်နှုန်းသို့ တိုးမြှင့်ခဲ့ရာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၀၄ ဘီလီယံသို့ ရောက်ရှိခဲ့ကြောင်း မတ် ၁၄ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးက ပြောကြားသည်။

## ရောင်းချ

ဖနောင်ပင်မြို့၌ မတ်၁၄ရက်မှ ၁၈ရက်အထိ ကျင်းပသည့် ၂၀၀၈ခုနှစ် ထိုင်းကုန်စည်ပြပွဲ အခမ်းအနားတွင် ကမ္ဘောဒီးယားနိုင်ငံမှ ကုန်စည်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၇သန်းခန့် ရောင်းချနိုင်ခဲ့သည်။

## ဖော်ပြ

နှစ်နိုင်ငံအကြား ကုန်သွယ်မှုကဏ္ဍ၌ ဆက်လက်၍ တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြသည်။

## ပါဝင်

၂၀၀၆ခုနှစ်အတွင်း ၎င်းနှစ်နိုင်ငံ၏ ကုန်သွယ်မှုပမာဏအမြင့်ဆုံးအဆင့်သို့ရောက်ရှိခဲ့ပြီး ကမ္ဘောဒီးယားမှ ထိုင်းနိုင်ငံသို့ ပြည်ပပို့ကုန်စည်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ၃၅သန်းခန့် ပါဝင်သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# အီရတ်၌သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၃၉၈၈ဦး ရှိသွားပြီ

ဘဂ္ဂဒက် မတ် ၁၈

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် အနောက်မြောက်ပိုင်းစစ်ဆင်ရေးများအတွင်း မတ် ၁၅ရက်က သူပုန်တို့၏ ပစ်ခတ်မှုကြောင့်အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က မတ် ၁၆ရက်တွင် ကြေညာသည်။**

## သေဆုံး

**ယင်းနေ့က တိုက်ပွဲအတွင်း ရရှိသော ဒဏ်ရာဖြင့် အဆိုပါ အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးမှာ စစ်ဘက်ဆိုင်ရာဆေးရုံ၌ သေဆုံးသွားကြောင်း သိရသည်။**

## ကျူးကျော်

**နောက်ဆုံး အဆိုပါအမေရိကန် တပ်ဖွဲ့ဝင် အပါအဝင် ၂၀၀၃ခုနှစ်က အမေရိကန်ဦးဆောင်သည့် တပ်များ အီရတ်ကို ကျူးကျော်ဝင်ရောက်ပြီးနောက် အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်းမှာ ၃၉၈၈ ဦးရှိသွားပြီ ဖြစ်ကြောင်း ဆင်ဟွာ သတင်းတွင် ဖော်ပြထားသည်။**

အမ်အင်န်အေ၊ဆင်ဟွာ

**ထိုင်းနိုင်ငံ ယာလာပြည်နယ်၌ အကြမ်းဖက် ဗုံးဖောက်ခွဲ တိုက်ခိုက်ခဲ့သဖြင့် ရဲတပ်ဖွဲ့ပိုင် မော်တော်ဆိုင်ကယ်တစ်စီး ပျက်စီးသွားသည်ကို မတ် ၁၇ ရက်က တွေ့ရစဉ်။** (ကလေးအားကစားကွင်းအတွင်းတွင် ထားရှိသည့် မော်တော်ဆိုင်ကယ် အတွင်းရှိ ဗုံးကို အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲခဲ့သဖြင့် ယင်းပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့သည်။)

**(အင်တာနက်ဓာတ်ပုံ)**

# ကမ္ဘာ့အကြီးဆုံး ရေခဲမြစ်ကြီးများ အရည်ပျော်မှု နှစ်ဆကျော်မြန်ဆန်လာကြောင်း ကျွမ်းကျင်သူများပြောကြား

ဂျီနီဗာ မတ် ၁၈

**ကမ္ဘာ့အကြီးဆုံး ရေခဲမြစ်ကြီးများ အရည်ပျော်ကျမှုသည် နှစ်ဆကျော်မြန်လာကြောင်း** (အောက်ပုံ) **ကုလသမဂ္ဂ ပတ်ဝန်းကျင် အစီအစဉ်မှထုတ်ပြန်သော သတင်းအချက်အလက်များတွင် ဖော်ပြနေကြောင်း မတ်၁၇ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။**

ပျမ်းမျှ အဆိုပါ ရေခဲမြစ်ကြီးများ၏ အရည်ပျော်ကျမှုနှုန်းသည် တစ်နှစ်လျှင် ၁၉၈၀ ပြည့်နှစ်နှင့် ၁၉၉၉ ခုနှစ် ကာလအတွင်း ၃၀ စင်တီမီတာကျုံ့ဝင်သွားခဲ့ရာမှ ၂၀၀၆ခုနှစ်တွင် တစ်နှစ် အရည်ပျော်ကျမှုနှုန်းမှာ ၁ဒသမ၅ မီတာရှိသည်ဟု ဆိုသည်။

## ရေခဲများပျော်

အထူးသဖြင့် ဥရောပရှိ အဲလ်ပတ်တောင်ဒေသနှင့် ပီရင်နက်စ်တောင်တန်းဒေသများတွင် ရေခဲများ အများအပြား ပျော်ကျနေသည်ဟု ဆိုသည်။

ထိုသို့ ရေခဲမြစ်များ အရည်ပျော်ကျမှု မြန်ဆန်နေခြင်းကို ရာသီဥတုပြောင်းလဲမှုဖြစ်စေရန်၊ ချက်ချင်းလုပ်ဆောင်သွားရန် ကျွမ်းကျင်သူများက ဆော်ဩလိုက်သည်။

## အကြီးဆုံးရေခဲမြစ်

၂၀၀၅ ခုနှစ်က ဥရောပရှိ ကမ္ဘာ့အကြီးဆုံးရေခဲမြစ်ကြီးများ၏ တစ်နှစ် အရည်ပျော်ကျမှုနှုန်းမှာ မီတာဝက်ရှိရာမှ ၂၀၀၆ခုနှစ်တွင် ၁ဒသမ၄ မီတာအထိ အရည်ပျော်ကျမှု မြန်ဆန်လာသည်။

## လေ့လာ

ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်မှ ကျွမ်းကျင် ပညာရှင်များအဖွဲ့သည် ဩစတြီးယား၊ နော်ဝေ၊ ဆွီဒင်၊ အီတလီ၊ စပိန်နှင့် ဆွစ်ဇာလန်နိုင်ငံတို့ရှိ ရေခဲမြစ်ပေါင်း ၁၀၀ ခန့်ကို ဆန်းစစ်လေ့လာလျက် ရေခဲမြစ်များ အရည်ပျော်မှု နှစ်ဆမြန်ဆန်လာကြောင်း အဆိုကို ထောက်ပြနိုင်ခဲ့သည်။

**(အင်တာနက်)**



# ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

## ပရိသတ်ကို ရင်တမမဖြစ်အောင် ကစားပြဦးမယ့် မန်ယူ စပါးကွင်းမှာ ရတက်ပွားရမယ့် ချယ်လ်ဆီးတို့ရဲ့ လက်ကျန်ပွဲ

မောင်မောင်မြင့်ဆွေ

လန်ဒန် မတ် ၁၈

**ပရီမီယာလိဂ်ပွဲစဉ်(၃၀)လက်ကျန်ပွဲတွေအဖြစ် မတ်၁၉ရက်**(ယနေ့)**မှာ မန်ယူနဲ့ ဘော်လ်တန်၊ စပါးနဲ့ချယ်လ်ဆီးတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကြပါတော့မယ်။ ချယ်လ်ဆီးဟာ အာကြီးကို ဆက်တိုက်ဖိအားပေးဖို့ နိုင်ပွဲလိုအပ်သလို မန်ယူအတွက်ကလည်း ပရီမီယာလိဂ်ဖလားရရှိရေးအတွက် အရေးပါတဲ့ပွဲစဉ်ဖြစ်တာမို့ မန်ယူတို့ အိုးထရက်ဖို့ဒ်မှာ အပြတ်အသတ် ကစားရမယ့်ပွဲဖြစ်ပါတယ်။**

### မန်ယူနှင့်ဘော်လ်တန်

တန်းစီဇယားထိပ်ဆုံးကိုဦးဆောင်ခွင့်ရသွားတဲ့ မန်ယူဟာ ပြိုင်ဘက်အာကြီးကိုအမှတ်ဖြတ်ဖို့အတွက်ရော၊ ပရီမီယာလိဂ်ဖလား ရရှိရေးအတွက်ပါ တကယ့်ကို အရေးပါတဲ့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဒီနှစ်သင်းရဲ့ ပြီးခဲ့တဲ့ နောက်ဆုံး ငါးပွဲရလဒ်ကို ကြည့်ရင် အိုးထရက်ဖို့ဒ်မှာ ဘော်လ်တန်တို့ တစ်ပွဲမှ အနိုင်မရခဲ့ပါဘူး။ ပွဲတိုင်းလည်းဂိုးပြတ်သွင်းယူနိုင်ခဲ့တဲ့မှတ်တမ်းရှိပါတယ်။ မန်ယူဟာ အခုအချိန်မှာ ပရီမီယာလိဂ်ဖလားအတွက် အောင်စိတ်တွေ ဆူဝေနေတဲ့အချိန် ဖြစ်တဲ့အပြင် ဒဏ်ရာရ ပွဲပယ်ကစားသမားတစ်ဦးမှလည်း မရှိပါဘူး။ တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်း စွမ်းရည်ကလည်း တစ်ဦးချင်းရော အဖွဲ့လိုက်ပါ အမြင့်မားဆုံး အနေအထား ရှိနေပါတယ်။

### ဂိုးသွင်းယူမှာ သေချာ

ဒိုလေး၊ ရွန်နီ၊ တီဗက်၊ ဂစ်၊ ပေါလ်စခိုးတို့ အားကိုးနဲ့ မန်ယူဟာ ဘော်လ်တန်နောက်တန်းကို ကျော်ဖြတ်ပြီး ဂိုးတွေသွင်းယူမှာ သေချာပါတယ်။

### လက်စွမ်းပြ

မန်ယူမှာ ဗန်ဆာဒါး ကြံ့ခိုင်မှုမပြည့်လို့ ပါဝင်ဖွယ်မရှိပေမယ့် အရန်ဂိုးသမားဖော်စတာကလည်း လက်စွမ်းပြနိုင်သူတစ်ဦးပါ။ ဒဏ်ရာရပြီး ကာလရှည်အနားယူနေရတဲ့ နဗီးလ် ဒီပွဲမှာ ပြန်ပြီးကစားဖွယ် ရှိနေပါတယ်။

ဒါပေမယ့် မန်ယူ သတိထားရမှာက ပြီးခဲ့တဲ့ပထမ အကျော့တုန်းက အဝေးကွင်းမှာ ဘော်လ်တန်တို့ မန်ယူကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ယူခဲ့တဲ့ ပူပူနွေးနွေး မှတ်တမ်းပါပဲ။ ဖာဂူဆန် ဒီအကြွေးချက်ချင်း ပြန်ဆပ်ဖို့ ကြိုးစားမှာပါ။ မန်ယူဟာ ဒီပွဲအနိုင်ရခဲ့ရင် ပရီမီယာလိဂ် ဖလားအတွက် ခိုင်မာတဲ့ ရှေ့တစ်လှမ်းကို တိုးနိုင်မှာမို့ မန်ယူအဖွဲ့သားတွေအိမ်ကွင်းမှာ ဘော်လ်တန်ကို ရှုံးကြွေးလည်း ဆပ်ရင်း သင်ခန်းစာလည်း ပေးပါလိမ့်မယ်။

**မန်ယူအတွက် ရွှန်နေ ဂိုးသွင်းနိုင်ပါ့မလား....။**

(အင်တာနက်ဓာတ်ပုံ)

### ကြိုးစား

ဘော်လ်တန်တို့ကတော့တန်းဆင်းဇုန်ထဲမှာ ခါးသီးတဲ့ ရပ်တည်မှုကြောင့် တန်းမဆင်းရရေး မဖြစ်မနေ ရုန်းကန်ရမယ့် အနေအထား ရှိနေတာမို့ အိုးထရက်ဖို့ဒ်မှာ ကစားရပေမယ့် မန်ယူဆီက ရသမျှအမှတ်ယူဖို့ ကြိုးစားမှာ သေချာပါတယ်။

ဘော်လ်တန်မှာ ကီဗင်နိုလန်နဲ့ ဒီအော့ဖ်တို့က ဂိုးသွင်းသေချာ သူတွေမို့ တစ်ခါတလေ စိုးရိမ်စိတ်ကြီးနေတတ်တဲ့ မန်ယူ နောက်တန်းက ဖာဒီနန်တို့အုပ်စု သတိထားရပါလိမ့်မယ်။ တစ်ဦးချင်းနဲ့ တစ်သင်းလုံး ကစားအားမှာတော့ ဘော်လ်တန်တို့ မန်ယူကို မမီပါဘူး။ မန်ယူပရိသတ်တွေ ရင်အေးအောင် ဖာဂူဆန် ဖြည့်ဆည်းပေးနိုင်ပါလိမ့်မယ်။

### စပါးနှင့် ချယ်လ်ဆီး

စပါးတို့ အိမ်ကွင်းမှာ ချယ်လ်ဆီးကို အနိုင်ရအောင် ကစားဖို့ ကြိုးစားပါလိမ့်မယ်၊ စပါးအသင်းရဲ့ ကစားအားကို ချယ်လ်ဆီးနည်းပြ ဂရန့်သဘောပေါက်ပါလိမ့်မယ်။ စပါးတိုက်စစ်မှူးတွေဖြစ်တဲ့ ရော်ဘီကိန်းနဲ့ ဘာဘာတော့ဗ်တို့က ပရီမီယာလိဂ်မှာ တန်းဝင်တဲ့ တိုက်စစ်မှူးတွေ ဖြစ်ပါတယ်။

### ခြေစွမ်းရှိ

စပါးအသင်းဟာ အိမ်ကွင်းမှာ ခြေတွေ့ရင်ဘယ်အသင်းမှ ဗိုလ်မထားအောင်အနိုင်ကစားတတ်တဲ့ ခြေစွမ်းလည်းရှိပါတယ်။ ဒါပေမယ့်ချယ်လ်ဆီးမှာ တယ်ရီ၊ လမ်းပတ်၊ ဒရော့ဘာ၊ အနယ်လ်ကာတို့က အသင်းအတွက် အားထားရတဲ့သူတွေမို့ ဒီလူတွေရဲ့ အားကိုယူပြီး ချယ်လ်ဆီးတို့ အနိုင်ကစားဖို့ ကြိုးစားပါလိမ့်မယ်။

### ညီမျှခြင်းဆွဲရမလို

ဒါပေမယ့် အဝေးကွင်းမှာ သရေပွဲများတတ်တဲ့ ချယ်လ်ဆီးဟာ စပါးလိုအသင်းကို လွယ်လွယ်ကူကူအနိုင်ယူဖို့ မလွယ်ပါဘူး။ ဒီနှစ်သင်းရလဒ်ကို မှန်းဆရရင် အလယ်တည့်တည့်မှာရပ်ပြီး ညီမျှခြင်း ဆွဲလိုက်ရမလို ဖြစ်နေပါတယ်။ ။

## ဖိလစ်ပိုင်လက်ဝှေ့သမား ပတ်စ်ကွီယို မက္ကဆီကိုလက်ဝှေ့သမားအား အလဲထိုး

လက်စ်ဗီးဂတ်စ် မတ် ၁၈

**အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်စ်မြို့၌ ကျင်းပသော ဒဗလျူဘီစီ စူပါဖယ်သာဝိတ်တန်း လက်ဝှေ့ပြိုင်ပွဲတွင် ဖိလစ်ပိုင်လက်ဝှေ့သမားမန်နီပက်စ်ကွီယိုက မက္ကဆီကိုလက်ဝှေ့သမား မာနျူရယ်မားကွတ်ဇ်အား သုံးချီဖြင့်အလဲထိုးပြီး ချန်ပီယံခါးပတ်ရယူနိုင်ခဲ့သည်။**

အဆိုပါ လက်ဝှေ့သမားနှစ်ဦးသည် ဒုတိယအကြိမ် ဆုံတွေ့ကြခြင်း ဖြစ်သည်။ ယင်းတို့နှစ်ဦးသည် ၂၀၀၄ ခုနှစ်က ပထမဆုံးအကြိမ်အဖြစ် ထိုးသတ်ခဲ့ရာ သရေပွဲဖြင့် အဆုံးသတ်ခဲ့သည်။

**ဖိလစ်ပိုင် လက်ဝှေ့သမား ပက်စ်ကွီယို** (ယာ) **မက္ကဆီကို လက်ဝှေ့သမား၏ ထိုးသတ်မှုကို ဤသို့ ကာကွယ်ခဲ့ရသည်။**

(အင်တာနက်ဓာတ်ပုံ)

### လဲကျ

မက္ကဆီကိုလက်ဝှေ့သမားမားကွတ်ဇ်က ဒုတိယအချီတွင် ပက်စ်ကွီယိုအားတရစပ်မနားတမ်း ဖိထိုးနေ၍ ပက်စ်ကွီယို ကြိုးစား ကာကွယ်နေရသည်။ သို့ရာတွင် တတိယအချီ၌ ပက်စ်ကွီယို၏ ညာလက်သီး ပြင်းပြင်းထန်ထန် ထိသွား၍ မားကွတ်ဇ် ကြမ်းပြင်သို့ လဲကျသွားခဲ့သည်။

### အနိုင်ပေး

ဒိုင်လူကြီးက နောက်ဆုံးအချိန်အထိ အချိန်မှတ်သော်လည်း ပြန်မထနိုင်တော့၍ ပက်စ်ကွီယိုအား အနိုင်ပေးလိုက်သည်။

ပက်စ်ကွီယိုသည် ယင်းပွဲတွင် အနိုင်ရလိုက်၍ ကမ္ဘာ့တတိယတန်းဝိတ်တန်းပြိုင်ပွဲတွင် အဓိကချန်ပီယံခါးပတ်ကို ရယူနိုင်သူဖြစ်လာသည်။

**(အင်တာနက်)**

## ဖလော်ရီဒါ၌ကျင်းပသော ဂေါက်သီးရိုက်ပြိုင်ပွဲ တိုက်ဂါးဝုဒ် ၁၀ချက်လျှော့ရိုက်ပြီး ဖလားဆွတ်ခူး

မြင့်မောင်စိုး

ဖလော်ရီဒါ မတ် ၁၈

**အမေရိကန်နိုင်ငံ ဖလော်ရီဒါ ပြည်နယ် အော်လန်ဒိုမြို့၌ကျင်းပသော အာနိုးပါမာအင်ဗိုက်တေးရှင်း ဂေါက်သီးရိုက်အားကစားပြိုင်ပွဲတွင် ကမ္ဘာ့နံပါတ်တစ် ဂေါက်သီးကစားသမား တိုက်ဂါးဝုဒ်က နောက်ဆုံးနေ့ကျင်းအမှတ် ၁၈၌ ၂၄ပေအကွာမှ ကျင်းဝင်အောင်ရိုက်ပြနိုင်ခဲ့ချိန်တွင် ၎င်း၏ ခြောက်လတာကာလအတွင်း ဖလားများဆက်တိုက်ရယူမှုကို ပြသနိုင်ခဲ့သည်။**

ကမ္ဘာ့နံပါတ်တစ်တိုက်ဂါးဝုဒ်သည် နောက်ဆုံးကျင်းသို့ရောက်ရှိချိန်တွင် အမေရိကန်ဂေါက်သီးကစားသမားတစ်ဦးဖြစ်သည့် ဘတ်ဘရိုင်ရန့်နှင့်အတူ ကိုးချက်စီ လျှော့ရိုက်ထားကြသည်။

### လျှော့ရိုက်နိုင်

တိုက်ဂါးဝုဒ်သည် နောက်ဆုံးကျင်းတွင် ၂၄ပေအကွာမှ တစ်ချက်တည်းကျင်းဝင်အောင် ရိုက်နိုင်ခဲ့၍ လျှော့ရိုက်ချက်ပိုများသွားသည်။ ဘရိုင်ရန့်သည် လေးရက်ပေါင်း ကိုးချက်လျှော့ရိုက်နိုင်ခဲ့သည်။ တိုက်ဂါးဝုဒ်က လေးရက်ကစားပြီး ၁၀ချက် လျှော့ရိုက်နိုင်ခဲ့သည်။ ယင်းပြိုင်ပွဲ၏ စုစုပေါင်းသတ်မှတ်ရိုက်ချက်မှာ ရိုက်ချက် ၇၀ ဖြစ်သည်။

တိုက်ဂါးဝုဒ်သည် လေးရက်ပေါင်း အချက်၂၇၀ရိုက်ပြီး ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။ ဘရိုင်ရန့်က ၂၇၁ချက်ရိုက်ပြီး ဒုတိယဆုရခဲ့သည်။ ဖီဂျီမှ ဗီဂျေဆင်းက ၂၇၃ချက်ဖြင့် တတိယဆုရခဲ့သည်။

### ဆွတ်ခူးနိုင်

ကမ္ဘာ့နံပါတ်တစ်တိုက်ဂါးဝုဒ်သည် ၂၀၀၇ခုနှစ် စက်တင်ဘာလမှစပြီး ဘီအမ်ဒဗလျူချန်ပီယံရှစ်ဖလား၊ တားဂတ်စ်ဝါးလ်ချဲလင်းဖလား၊ ဗျူးအစ်အင်ဗိုက်တေးရှင်းဖလား၊ ဒူဘိုင်းဒီဆက်ကလပ်ဆစ်ဖလား၊ ဒဗလျူဂျီစီဖလားနှင့် ယခု အာနိုးပါမာအင်ဗိုက်တေးရှင်းဖလားတို့ကို ခြောက်လတာအတွင်း ဆွတ်ခူးနိုင်ခဲ့သည်။

**(အင်တာနက်)**

**အောင်ပွဲခံ**

**ကမ္ဘာ့နံပါတ်တစ် တိုက်ဂါးဝုဒ် ၂၄ ပေအကွာမှ နောက်ဆုံးရိုက်ချက် ရိုက်ပြီး အောင်ပွဲခံခဲ့စဉ်။** (အင်တာနက်ဓာတ်ပုံ)

## အင်တာနက် အားကစားသတင်းအတိုအထွာ

❖ နယူးကာဆယ်အသင်းသည် စိန့်အီတီယင်နီတိုက်စစ်မှူး ဂိုမစ်အားပေါင်ကိုးသန်းဖြင့်ခေါ်ယူရန် ကမ်းလှမ်းမည်ဟု သတင်းတွင်ဖော်ပြသည်။

■ **ဘော်လ်တန်အသင်းသည် ပေါင်ငါးသန်းတန် ရက်ဒင်းတိုက်စစ်မှူး လီရှိုင်းလစ်တာကို ခေါ်ယူဖွယ်ရှိသည်။**

❖ ဘာစီလိုနာအသင်းသည် အက်စတွန်ဗီလာအသင်းဂိုးသမား သောမတ်စ်ဆိုရင်ဆန်ကိုခေါ်ယူရန် ကြိုးစားလျက်ရှိသည်။

■ **ဘော်လ်တန်အသင်းနှင့် ဇွန်လတွင်စာချုပ်သက်တမ်းကုန်ဆုံးမည့် ဂျက်စကီလိုင်နင်သည် ကျောကုန်းဒဏ်ရာရရှိခဲ့မှုကြောင့် ပြိုင်ပွဲအချို့နှင့် လွဲချော်ခဲ့ရပြီး လက်ကျန်ပွဲအချို့ကို ယခုရာသီနောက်ဆုံးပွဲအဖြစ် ပါဝင် ကစားနိုင်ဖွယ်ရှိသည်။**

❖ ပို့စ်မောက်ဂိုးသမား ဒေးဗစ်ဂျိမ်းက ၎င်းအနေဖြင့် ၂၀၁၀ပြည့်နှစ်တွင် အသက်၄၀နီးပါးဖြစ်နေသည့်တိုင်အောင် ကမ္ဘာ့ဖလားတွင် ပါဝင်ကစားရန် ဆန္ဒရှိနေသေးကြောင်း ဖွင့်ဟသည်။

■ **ဘိုရူရှားဒေါ့တမန်အသင်းမှ အဲဗာတန်အသင်းသို့ အငှားစာချုပ်ဖြင့်လာရောက်ကစားနေသော ကွင်းလယ်ကစားသမား စတီဗင်ပီယင်နာအား အာဆင်နယ်အသင်းနှင့် ဗလင်စီယာအသင်းတို့က လေ့လာစုံစမ်းမှုများ ပြုလုပ်ခဲ့သည်ဟု ဆိုသည်။**

❖ အာဆင်နယ်အသင်းခေါင်းဆောင် ဝီလျံဂါးလက်စ်က မိမိတို့အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အေစီမီလန်အသင်းကို အနိုင်ရရှိခဲ့သော်လည်း ပရီမီယာလိဂ်ပြိုင်ပွဲတွင် အနုတ်လက္ခဏာပြနေမှုမှာ အစိုးရိမ်ရဆုံးအခြေအနေသို့ ရောက်ရှိနေကြောင်း ရင်ဖွင့်လိုက်သည်။

## ပစိဖိတ်လိုက်ဖ်အိုးပင်းဖလား ဖက်ဒဲယားဆွတ်ခူးရန် မျှော်လင့်

ကယ်လီဖိုးနီးယား မတ် ၁၈

**ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲယားသည် ကယ်လီဖိုးနီးယား၌ကျင်းပသော ပစိဖိတ်လိုက်ဖ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဂါစီယာလိုပက်ဇ်ကို ၆-၃၊ ၆-၂ဖြင့် အနိုင်ရပြီး တတိယအကျော့ပြိုင်ပွဲသို့ တက်ရောက်သွားသည်။**

### မျှော်လင့်ထား

**ဖက်ဒဲယားသည် ယခုနှစ်အတွင်းဖလားတစ်လုံးမျှဆွတ်ခူးနိုင်ခြင်း မရှိသေး၍ ဖလားဆွတ်ခူးရန် မျှော်လင့်ထားသူဖြစ်သည်။ ၎င်းသည်ယခင်က အဆိုပါပြိုင်ပွဲတွင် ဖလားသုံးလုံးအထိ ဆွတ်ခူးနိုင်ခဲ့ပြီးဖြစ်၍ လေးလုံးမြောက်ဆွတ်ခူးရန် မျှော်လင့်ထားကြောင်း ဖက်ဒဲယားက ပြောကြားသည်။** (အင်တာနက်)

နတ်မောက်စက်မှုလက်မှု အထက (၁) ကျောင်းသားဟောင်းများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို မတ်၉ရက်က ရန်ကုန်တိုင်း ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပရာ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသားဟောင်းများက စုပေါင်းကန်တော့ကြစဉ်။ (က-ပ)

# ထိုင်ဝမ်၏ကုလသမဂ္ဂဝင်ရောက်ရေးပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရန်ကိစ္စ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကအတိအလင်းဆန့်ကျင်

**နေပြည်တော် မတ် ၁၈**

ကုလသမဂ္ဂဝင်ရောက်ရေးနှင့် စပ်လျဉ်း၍ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတစ်ရပ်ပြုလုပ်ရန် ထိုင်ဝမ်အာဏာပိုင်များ၏ ကြိုးပမ်းမှုအား လုံးဝဆန့်ကျင်ကြောင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၀၇ခုနှစ် ဇူလိုင် ၁၂ရက်တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ (၆၂)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ အစည်းအဝေးဘာသာရပ်အစီအစဉ်တွင် ထိုင်ဝမ်ကိုယ်စားလှယ်ကိစ္စကို နောက်ဆက်တွဲအစီအစဉ်အဖြစ် ထည့်သွင်းရန် အဆိုပြုခြင်းအပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ကန့်ကွက်ချက်ကို အပြည့်အဝထောက်ခံကြောင်းကိုလည်း မြန်မာကိုယ်စားလှယ်အဖွဲ့က ထုတ်ဖော် ပြောကြားခဲ့သည်။

**တစ်နိုင်ငံတည်းမူဝါဒ**

နိုင်ငံတကာအသိုင်းအဝိုင်းက ဆန့်ကျင်ကန့်ကွက်ကြသော်လည်း ထိုင်ဝမ် အာဏာပိုင်များသည် ကုလသမဂ္ဂဝင်ရောက်ရေးကိစ္စ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ၂၀၀၈ခုနှစ် မတ်၂၂ရက်တွင် ထိုင်ဝမ်အာဏာပိုင်ခေါင်းဆောင်ရွေးကောက်ပွဲနှင့် တစ်ချိန်တည်းကျင်းပရန် ၂၀၀၈ခုနှစ် ဖေဖော်ဝါရီရက်တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရှိရပြန်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ချစ်ကြည်ရင်းနှီးသော အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် "တရုတ်တစ်နိုင်ငံတည်းမူဝါဒ"ကို အစဉ်တစိုက်ကျင့်သုံးပြီး ထိုင်ဝမ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ခွဲခြားမရသော အစိတ်အပိုင်းသာဖြစ်ကြောင်းကို အစဉ်သတ်မှတ်ခံယူပါသည်။

**အတိအလင်းဆန့်ကျင်**

ထိုင်ဝမ်အာဏာပိုင်များက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် ဆက်လက်ကြိုးပမ်းခြင်းကြောင့် ထိုင်ဝမ်ရေလက်ကြားတွင် မလိုလားအပ်သော တင်းမာမှုများ ကြီးထွားလာရာမှ ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကို ထိခိုက်လာနိုင်သည့် အရေးကို မြန်မာနိုင်ငံက စိုးရိမ်မိသည်။ သို့ဖြစ်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအနေဖြင့် ထိုင်ဝမ်၏ ကုလသမဂ္ဂဝင်ရောက်ရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရန် ကိစ္စအပါအဝင် "ထိုင်ဝမ်လွတ်လပ်ရေး"နှင့်စပ်လျဉ်း၍ ကြိုးပမ်းလုပ်ဆောင်မှုမှန်သမျှကို အတိအလင်းဆန့်ကျင်ကြောင်း ထပ်လောင်းဖော်ပြသည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ သဘာပတိ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးတင်အေးက အဖွင့်အမှာစကားပြောကြားပြီး ချင်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်မြင့်က ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ၊ နည်းဥပဒေများနှင့် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းထားရှိမှုတို့ကို ရှင်းလင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး သဘာပတိ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးတင်အေးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပန်းငွေ့ရုံဆရာတော်၏စိန်ရတုမွေးနေ့ပူဇော်ပွဲ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ဂုဏ်ပြုပူဇော်ပွဲ

**ရန်ကုန် မတ် ၁၈**

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် မဒေါက်မြို့ ပန်းငွေ့ရုံတောရကျောင်းတိုက်နှင့် ပန်းငွေ့ရုံတောရ သာသနာ့ရိပ်သာတို့၏ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ပန်းငွေ့ရုံဆရာတော်၏ စိန်ရတုမွေးနေ့ပူဇော်ပွဲကို ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့)တွင် နိုင်ငံတော်က ဆက်ကပ်လှူဒါန်းသည့် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ဂုဏ်ပြုပူဇော်ပွဲ၊ ပန်းငွေ့ရုံတောရ သာသနာ့ရိပ်သာဖွင့်ပွဲ၊ ဝင်းရတနာ ဓမ္မဗိမာန်နှင့် ကျောင်းဆောင်များ ရေစက်ချ အလှူပွဲများကို ဆင်ယင်ကျင်းပမည်ဖြစ်သည်။

အထက်ပါအစီအစဉ်များကို၁၃၆၉ ခု တပေါင်းလပြည့်ကျော် ၈ ရက် (မတ် ၂၉ ရက်) စနေနေ့ နံနက်၇နာရီမှ မွန်းတည့် ၁၂ နာရီအထိ ပန်းငွေ့ရုံဝေယျာဝစ္စအဖွဲ့မှ ဦးဆောင်သော တပည့်ဒါယကာ ဒါယိကာမများက ပန်းငွေ့ရုံတောရ သာသနာ့ရိပ်သာဝင်းရတနာသာသနာ့ဗိမာန်တော်ကြီး၌ ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ ဆရာတော်ကြီး၏တပည့် သံဃာများနှင့် ဒါယကာ ဒါယိကာမများ ကြွရောက်ပူဇော်နိုင်ကြောင်းသိရသည်။ **(က-ပ)**

# မီးဘေးကာကွယ်ရေး အသိပညာပေးဟောပြော

**ရန်ကုန် မတ် ၁၈**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ညောင်ပင်လေးဈေးပလာဇာ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေးအတွက် ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ရဲကျော်စွာအောင်ကျော်မြင့်သည် မတ် ၁၃ရက် ညနေ၃နာရီက အဆိုပါ ဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာ ပေးဟောပြောပြီး ဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး စီမံဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လွတ်လပ်စွာတွေးခေါ်ခံစားသည် ဆောင်းပါးပေါင်းချုပ်စာအုပ်ထုတ်ဝေဖြန့်ချိ

**ရန်ကုန် မတ် ၁၈**

ဆောင်းပါးရှင် ဦးမောင်မောင်စိုးတင့်(အငြိမ်းစားသံအမတ်ကြီး)ရေးသားသည့် လွတ်လပ်စွာတွေးခေါ်ခံစားသည်နှင့် အတွေးသစ်ဆောင်းပါးများ စာအုပ်ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ဝဲပုံ)**

အဆိုပါစာအုပ်တွင် ဓမ္မရေးရာ၊ ပညာရေးရာ၊ မြန်မာနိုင်ငံရေးရာ၊ အချစ်ရေးရာ၊ လူငယ်ရေးရာ၊ လူမှုရေးရာနှင့် ခံစားချက်များဟူ၍ အခန်း(၈)ခန်းခွဲခြားဖော်ပြထားပြီး ထုတ်ဝေခဲ့ပြီးသည့်စာအုပ်များနှင့် အတွေးသစ်ဂျာနယ်တွင်ရေးသားခဲ့သောဆောင်းပါးများအနက် အကြောင်းအရာတူများကို ပြန်လည်စုစည်းထားခြင်းဖြစ်ကြောင်း၊ စုစုပေါင်းဆောင်းပါး ၁၂၅ ပုဒ်ပါရှိကာ အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် ပုံနှိပ်ဖော်ပြထားပြီး ပြည့်စုံစာအုပ်တိုက် အမှတ်၇၈ လှည်းတန်းလမ်း လမ်းမတော် ရန်ကုန်မြို့ ဖုန်း-၂၂၄၃၇၅မှ ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**Parkroyal Yangon Hotel ၌ ကျင်းပသည့် Smart Technical Services Co., Ltd. ၏ Power to Lead ဆွေးနွေးပွဲတွင် မန်နေးဂျင်း ဒါရိုက်တာဦးကျော်ကျော်လှိုင် ဟောပြော ဆွေးနွေးစဉ်။**

(သတင်းစဉ်)

# Power to Lead အကြောင်းဟောပြောပွဲကျင်းပ

**ရန်ကုန် မတ် ၁၈**

Smart Technical Services Co., Ltd. ၏ Managing Director ဦးကျော်ကျော်လှိုင် ဟောပြောသည့် Power to Lead ဆွေးနွေးပွဲကို မတ် ၁၅ရက်က Parkroyal Yangon Hotel ၌ကျင်းပရာ ဦးကျော်ကျော်လှိုင်က အောင်မြင်သည့် လူတစ်ဦးဖြစ်လာရန် မိမိ၏ Passionကို ကိုယ်သိဖို့ အရေးကြီးကြောင်း၊ တစ်ကွက်ကောင်းရှိရုံနှင့် ခေါင်းဆောင်ဟု သတ်မှတ်၍ မဖြစ်နိုင်ကြောင်းနှင့် ၂၁ရာစုတွင် ထင်ရှားလာသည့်အကြောင်း Team Leadership အကြောင်းတို့ကို ဟောပြောဆွေးနွေးပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

**ပံ့ပိုးကူညီ**

CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှု မဂ္ဂဇင်းက စီစဉ်သည့် ဦးကျော်ကျော်လှိုင်၏ တတိယအကြိမ်မြောက်ဟော ပြောပွဲကို City Mart Holding Co., Ltd.၊ Premium Marketing Ltd. နှင့် Season's Beauty Studio တို့က ပံ့ပိုးကူညီခြင်းဖြစ်သည်။

ဆွေးနွေးဟောပြောပွဲသို့ ကုမ္ပဏီအသီးသီးမှ မန်နေဂျာများ၊ CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှု မဂ္ဂဇင်းကို ကြိုတင်ငွေပေးသွင်းဖတ်ရှုသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။ ဆွေးနွေးပွဲတွင် တူဒေးတိုက် ထုတ်စာအုပ်များကို ၁၀ ရာခိုင်နှုန်း လျှော့ဈေးဖြင့် ရောင်းချပေးခဲ့ပြီး အထူးအစီအစဉ်တစ်ရပ်အဖြစ် လစဉ်ထုတ်မဂ္ဂဇင်းများဖြစ်သည့် Lifestyle မဂ္ဂဇင်းနဲ့ CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်းတို့ကို အထူးလျှော့ဈေးဖြင့် တစ်နှစ်စာ ကြိုတင်ငွေသွင်း လက်ခံခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**

# မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

## မှိုစားသုံးလျှင် ရင်သားကင်ဆာကာကွယ်နိုင်

မှိုသည်အဖြူနှင့်အညိုရောင်တို့ရှိပြီး အရောင်တစ်မျိုးတည်းရှိသောမှိုမှာ ရှားပါးသည်။ အများအားဖြင့် အဖြူရောင်လွှမ်းသောမှိုအမျိုးအစားကများပြားသည်။

မှိုကိုတစ်နှစ်ပတ်လုံးထွက်ရှိအောင် စိုက်ပျိုးထုတ်လုပ်နိုင်ကြသဖြင့် အန္တရာယ်ကင်းသောမှိုများကို ရာသီမရွေး ဝယ်ယူစားသုံးနိုင်သောအခြေအနေသို့ ရောက်ရှိလာသည်။

**ပါဝင်**

မှိုတွင် အဓိကအားဖြင့် စီလီယမ်နှင့် ဗီတာမင်ဘီ-၂ဓာတ်တို့အများဆုံးပါရှိသည်။ အခြားပါဝင်သော ဓာတ်များမှာ ကော့ပါး၊ ဗီတာမင်ဘီ-၃၊ ဗီတာမင်ဘီ-၅၊ ပိုတက်ဆီယမ်၊ ဖောစဖရပ်စ်၊ ဇင့်၊ မင်းဂနိစ်၊ ဗီတာမင်ဘီ-၁၊ ဗီတာမင်ဘီ-၆၊ ပရိုတိန်း၊ အမျှင်ဓာတ်၊ မဂ္ဂနီဆီယမ်၊ သံဓာတ်နှင့် ကယ်လ်ဆီယမ်ဓာတ်တို့ပါဝင်သည်။

**ပြောကြား**

မှိုကိုသီတင်းတစ်ပတ်လျှင် နှစ်ကြိမ်ခန့် ချက်ပြုတ်စားသောက်ပါက အမျိုးသမီးများတွင် ရင်သားကင်ဆာ ဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ပြီး အမျိုးသားများ၌မူ ဆီးကျိတ်ကင်ဆာနှင့် အသည်းကင်ဆာများ ဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။



မှိုကိုစားသုံးခြင်းဖြင့် သွေးလည်ပတ်မှုကောင်းမွန်ကာ အူမကြီးကင်ဆာ ဖြစ်ပွားမှုကိုလည်း လျော့ကျစေနိုင်သည့် အပြင် နှလုံးရောဂါဖြစ်ပွားမှုကိုလည်း အထိုက် အလျောက် ကာကွယ်နိုင်ကြောင်း၊ မှိုတွင် ပါဝင်သည့် ဓာတ်များက အုန်ရုံရှိ သွေးကြောများ မပျက်စီးအောင်လည်း ကာကွယ်ပေးနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

# မြန်မာ့ရုပ်မြင်သံကြား

**၁၉-၃-၂၀၀၈ရက် (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | တောင်တန်းသာသနာပြုဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော် |
| ၇:၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | ရိုးရာကျေးလက်ကစားနည်း |
| ၇:၅၀ | ၅။ | တေးဂီတအစီအစဉ် |
| ၈:၀၀ | ၆။ | အကပဒေသာ |
| ၈:၁၅ | ၇။ | (၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် |
| ၈:၃၀ | ၈။ | International News |
| ၈:၄၅ | ၉။ | **မပြောမပြီး မတီးမမြည်** နေရဲလင်း၊ မောင်မောင်မြင့်၊ မိုးဇော်၊ ရှင်ဖုန်း အိမ့်ချယ်၊ ခိုင်ဆုသွယ် (ဒါရိုက်တာ-မောင်မောင်မြင့်) |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | စစ်ချီတေး စစ်သည်တေး |
| ၄:၁၀ | ၂။ | တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ |
| ၄:၂၀ | ၃။ | HIV/AIDS နေတိုး၊ အိန္ဒြာကျော်ဇင်၊ ကျော်ထူး၊ သင်ဇာဝင့်ကျော်၊ ရတနာပွင့် [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)] |
| ၄:၂၅ | ၄။ | တေးဂီတအစီအစဉ် |
| ၄:၄၀ | ၅။ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (စီးပွားရေးပညာ အထူးပြု) [စီးပွားရေးပညာ] |
| ၄:၅၅ | ၆။ | မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ |
| ၅:၀၀ | ၇။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအဆိုအကများ |
| ၅:၁၅ | ၈။ | တေးဂီတအစီအစဉ် |
| ၅:၃၀ | ၉။ | ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင် |
| ၆:၀၀ | ၁၀။ | ညနေခင်းသတင်း |
| ၆:၂၀ | ၁၁။ | မိုးလေဝသအခြေအနေ |
| ၆:၃၅ | ၁၂။ | မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့ |
| ၇:၀၀ | ၁၃။ | (၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် |
| ၇:၁၅ | ၁၄။ | ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင် |
| ၇:၄၅ | ၁၅။ | တေးဂီတအစီအစဉ် |
| ၈:၀၀ | ၁၆။ | ပြည်တွင်းသတင်း |
| | ၁၇။ | နိုင်ငံတကာသတင်းများ |
| | ၁၈။ | မိုးလေဝသအခြေအနေ |
| | ၁၉။ | ကြေးမုံရိပ်သွင် တေးနယ်ဉ် |
| | ၂၀။ | မြန်မာဗီဒီယိုဇာတ်လမ်း **ကိုကိုနော် ...** လွင်မိုး၊ အိန္ဒြာကျော်ဇင် (ဒါရိုက်တာ-ကျော်ဇောလင်း) |

# ပန်းတစ်ပွင့်တောင်ဆရာတော် ဖူးမြော်ပူဇော်ကန်တော့နိုင်

**ရန်ကုန် မတ် ၁၈**

ပန်းတစ်ပွင့်တောင် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရသည် နိုင်ငံတော်က ချီးမြှင့်သော ဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့ တံဆိပ်တော် ဆက်ကပ်လှူဒါန်းမှုကိုခံယူတော်မူပြီးနောက် မတ် ၂၂ ရက်(စနေနေ့)၌ ပြန်လည် ကြွရောက်လာမည်ဖြစ်ရာ မြောက်ဥက္ကလာ ဣန္ဒာလမ်းထိပ် မင်္ဂလာဒုံ သပြေလမ်း သုံးရာသီထိပ်၊ မင်္ဂလာဒုံပေါက်ကုန်းရွာ မှော်ဘီ ၁၆ ထိပ် မှော်ဘီ ဦးမြင့်ကျော်-ဒေါ်နီနီဝင်း မဏ္ဍပ်၊ မှော်ဘီ သာယာအေးရွာ၊ တိုက်ကြီး ဘုရားကလေး ဓမ္မာရုံ၊ ဖူးကြီးကျေးရွာ ဖူးကြီးရေလှောင်ကန် နေရာများမှ ဖူးမြော်ကြိုဆိုပူဇော်နိုင်ကြောင်း သိရသည်။ **(က-ပ)**

# တရားပွဲများကျင်းပမည်

ရန်ကုန် မတ် ၁၈

## သာကေတအောင်ငြိမ်းချမ်းမိုးကုတ်ဝိပဿနာဓမ္မရိပ်သာ

သာကေတမြို့နယ် ရွှေခင်းသာရပ်ကွက် အောင်ငြိမ်းချမ်းမိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ ၃၆၅ တွင် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း (၈၂)ကြိမ်မြောက် နှစ်သစ်သကြိန် ခန္ဓာဉာဏ်ရောက်အလုပ်ပေး ၁၅ရက် တရားစခန်းပွဲကို ဧပြီ ၆ရက်မှ ၂၀ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲ၌ ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက၊ ဓမ္မာစရိယ အောင်ငြိမ်းချမ်း ဆရာတော်(ဘဒ္ဒန္တအဂ္ဂသာရ) အရှင်မြတ်မှ သစ္စာတရား ပဋိစ္စသမုပ္ပါဒတရားများဟောကြားပြသမည်ဖြစ်သည်။ တရားအားထုတ်လိုသော ယောဂီများသည် စာရင်းများပေးသွင်းကြပြီး ဧပြီ ၅ရက်(စနေနေ့) ညနေအရောက် အောင်ငြိမ်းချမ်း မိုးကုတ်ရိပ်သာ ၃၆၅သို့ လာရောက်ကြရမည်ဖြစ်ကြောင်း၊ မိမိကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၅၅၉၅၁၈သို့ဖြစ်စေ အကြောင်းကြားစာရင်းပေးသွင်းနိုင်ပြီးဓမ္မရိပ်သာသို့ ဧပြီ ၅ရက် ညနေအရောက်လာရောက်ကြရန် နှိုးဆော်ထားသည်။

## သန်လျင်သိမ်ကျောင်းစာသင်တိုက်

**သန်လျင်မြို့ သိမ်ကျောင်းစာသင်တိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၏ (၂၅)ကြိမ်မြောက် ခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းပွဲကို ဧပြီ ၁၃ရက်မှ ၂၀ရက်အထိ ကျောင်းတိုက်ပဓာန နာယကဆရာတော် ဘဒ္ဒန္တသုဝဏ္ဏအရှင်သူမြတ်ဦးစီး၍ နယ်လှည့် ဓမ္မကထိကဆရာတော်ဘဒ္ဒန္တဝိမလ(ငဖဲ)နှင့် ပဋိစ္စသမုပ္ပါဒ်သင်တန်း ကထိကဆရာဦးကျော်နိုင်(မန္တလေး)တို့က သစ္စာလေးပါးတရားများကို ခန္ဓာဉာဏ်ရောက်သဘောပေါက်အောင် ဟောကြားပြသမည်ဖြစ်ရာ ယောဂီများအနေဖြင့် ဧပြီ၁၂ရက် ညနေ၅နာရီ နောက်ဆုံးထား၍ သိမ်ကျောင်းစာသင်တိုက် ဖုန်း-၀၅၆-၂၁၁၇၁သို့ ဆက်သွယ်ဝင်ရောက်နိုင်ကြောင်း သိရသည်။**

## စစ်ကိုင်းဆရာတော် အရှင်ခေမိန္ဒ(ခင်မကန်)

ဒဂုံမြို့သစ်(တောင်ပိုင်း) ၅၄ရပ်ကွက် အင်ကြင်းလမ်း ခင်မကန်တိုက်၏ ဦးစီးပဓာန နာယက သာသနာပြု နယ်လှည့် ဓမ္မကထိက စစ်ကိုင်းဆရာတော် အရှင်ခေမိန္ဒ(ခင်မကန်)သည် မတ် ၂၈ရက်နှင့် ၂၉ရက်တွင် ဘိုကလေးမြို့၊ မတ် ၃၀ရက်တွင် အင်းစိန်ကြို့ကုန်း ညနေဆည်းဆာ သန်လျင်မြို့ (အမေ့နို့ဖိုး၊ အဖေ့ချွေးဖိုး)၊ မတ် ၃၁ရက်တွင် သန်လျင် ကရင်ဆိပ်၊ ဧပြီ ၁ရက် ၇နာရီတွင် ကျောက်မြောင်း ဩဘာလမ်း၊ ၉နာရီတွင် ဒဂုံအရှေ့ရပ်ကွက်၊ ဧပြီ ၂ရက်တွင် ဒေါပုံ ဇေယျာသီရိရပ်ကွက်၊ ဧပြီ ၃ရက်တွင် လှိုင်မြို့နယ် နိဗ္ဗာန်လမ်း(နာရေးကူညီမှုအသင်း)၊ ဧပြီ ၄ရက်တွင် လှော်ကား(မလွန်ဆန်လှူ) ရွှေပေါက်ကံမြို့သစ် ၁၅ရပ်ကွက်၊ ဧပြီ ၅ရက်တွင် ကျောက်မြောင်းတာမွေ၊ ပုဇွန်တောင်တပ်မြေ၊ ဧပြီ ၆ရက်တွင် ဒေါပုံမြို့သစ် (ဝါပဆွမ်းလောင်းအသင်း)၊ တောင်ဥက္ကလာပ ဇာနည် ၁၄လမ်း/ကလေး အထူးတရားပွဲ)၊ ဧပြီ ၇ရက်တွင် သန်လျင်မြို့ မဇ္ဈိမာရုံရွှေကျောင်း၊ ဧပြီ ၈ရက်တွင် ကျောက်တန်းမြို့ ကမာက လုတ်ရွာ၊ ဧပြီ ၉ရက်တွင် သန်လျင် အောင်ချမ်းသာရပ်ကွက်၊ သဃ်န်း ကျွန်းမြို့နယ် ၁၆/၂ ရပ်ကွက်၊ ဧပြီ ၁၀ရက်တွင် လှိုင် ၁၂ရပ်ကွက် အောင်ဓမ္မရိပ်သာ ဒေါပုံပြာသာကျောင်း၊ ဧပြီ၁၁ရက်တွင် ကြည့်မြင်တိုင် အေးရွာ၊ ဧပြီ ၁၂ ရက်တွင် ရန်ကင်း အောင်သုခစာသင်တိုက်၊ ဧပြီ၁၃ရက်တွင် ပတ္တမြားမြို့သစ်မြောက် ဥက္ကလာပ ဝေပုလ္လလမ်း၊ ဧပြီ၁၄ရက်တွင် အုတ်ကျင်း မဟာဆွေလမ်း၊ ဧပြီ၁၅ရက်နှင့် ၁၆ရက်တွင် မွန်ပြည်နယ် ပေါင်မြို့ ကဒိုင်ရွာ၊ ဧပြီ ၁၇ရက်တွင် စမ်းချောင်း၊ ဧပြီ ၁၈ရက်နှင့် ၁၉ရက်တွင် နတ်တလင်းမြို့၊ ဧပြီ၂၀ရက်တွင် မြောက်ဥက္ကလာပ ဩရွာ ၉လမ်းတို့တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ပြီး ဖုန်း-၀၁-၇၀၇၆၅၂၊ ၀၁-၅၉၁၃၄၈တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

## မြတမာဆရာတော်

**ရန်ကုန်တိုင်း သာကေတမြို့နယ် မုံရွာမြတမာကျောင်းတိုက်၏ ပဓာနနာယက မြတမာဆရာတော်သည် မတ်၂၀ရက်ညတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) ၅၀ရပ်ကွက် သာသနာ့ ရောင်ခြည်ဓမ္မာရုံ၌ လည်းကောင်း၊ မတ်၂၄ရက်တွင် ၆ ရပ်ကွက် သီလ ဝိသုဒ္ဓိဓမ္မာရုံ၌ လည်းကောင်း၊ မတ်၂၆ရက်တွင် ၇ရပ်ကွက်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ ဓမ္မာရုံ၌လည်းကောင်း၊ မတ်၂၈ရက်ညတွင် အဖျောက်မြို့ လူငယ်များ ဓမ္မသဘင်၌ လည်းကောင်း၊ မတ်၂၉ရက်ညတွင် မြင်တော်သာလမ်း ၆/အနောက်ရပ်ကွက်၌ လည်းကောင်း၊ ဧပြီ၂ရက်ညတွင် ကျောက်တန်းမြို့ ကျက်သရေဆောင်မင်းကျောင်း စေတီတော်မြတ်ကြီး ဓမ္မသဘင်၌ လည်းကောင်း၊ ဧပြီ ၃ရက်ညတွင် ပတ္တမြား၄လမ်း ၇/အနောက် သာကေတ၌လည်းကောင်း၊ ဧပြီ၁၂ ရက်ညတွင် တိုးချဲ့၂လမ်း ၂/မြောက် မိသားစု ဓမ္မသဘင်၌ လည်းကောင်း တရားတော်များ ဟောကြားမည်ဖြစ်ရာ ဆက်သွယ်လိုပါက ဖုန်း-၀၁-၅၄၇၁၃၈သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။**

## ဗိုလ်တထောင်မြို့နယ် ၄၈လမ်း ဓမ္မပူဇာ

ဗိုလ်တထောင်မြို့နယ် ၄၈လမ်း(အထက်)မိသားစုများ၏ ဒုတိယအကြိမ် ဓမ္မပူဇာတရားပွဲကို မတ်၂၁ရက်(သောကြာနေ့)ည၇နာရီတွင် အရှင်သုမင်္ဂလ M.A (Buddhism)(ဝေါဆရာတော်)၊ ၂၂ရက်(စနေနေ့) ည၇နာရီတွင် အရှင်ဝီရိယ(ဓမ္မဘေရီ တောင်စွန်းဆရာတော်)၊ ၂၃ရက်(တနင်္ဂနွေနေ့) ည၇နာရီတွင် အရှင်ခေမိန္ဒ(စစ်ကိုင်း-ခင်မကန်)၊ သာသနာပြုနယ်လှည့်ဓမ္မကထိက ဆရာတော်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားများ ဟောကြားမည် ဖြစ်သည်။

# သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များဆက်ကပ်ပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်တော်မူကြမည့် ပြည်ပနိုင်ငံများမှ ဘွဲ့ခံဆရာတော်ကြီးများနှင့် လူပုဂ္ဂိုလ်များ ရန်ကုန်မြို့သို့ကြွရောက်တော်မူ

ရန်ကုန် မတ် ၁၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်တော်မူကြမည့် အိန္ဒိယသမ္မတနိုင်ငံ၊ သီရိ လင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ဘွဲ့ခံဆရာတော်ကြီးများနှင့် ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်များသည် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ကြွရောက်တော်မူလာကြသည်။ **(အပေါ်ပုံ)**

**ကြိုဆိုပင့်ဆောင်**

အဆိုပါ ဘွဲ့ခံဆရာတော်ကြီးများနှင့် ဘွဲ့တံဆိပ်တော်ရလူပုဂ္ဂိုလ်များအား သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.P.A.D. Samarasekeraနှင့် သံရုံးတို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဖူးမြော်ကြည်ညိုကြပြီး ခေတ္တသီတင်းသုံးတော်မူမည့် ရန်ကုန်မြို့ရှိ မဟာသန္တိသုခကျောင်းတော်သို့ မော်တော်ယာဉ်များဖြင့်ကြိုဆိုပင့်ဆောင်တော်မူကြသည်။ **(သတင်းစဉ်)**

## စာကြည့်တိုက်အဆောက်အအုံဆောက်လုပ်ရန်နှင့် စာကြည့်တိုက်အတွက်အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် မတ် ၁၈

အဖျောက်မြို့ ကိုယ့်အားကိုယ်ကိုး နဝရတ်စာကြည့်တိုက်သို့ ရန်ကုန်မြို့ ပြုံးစာပေတိုက်ပိုင်ရှင် ဒေါ်ပြုံးပြုံးခင်က အလှူငွေ ကျပ်တစ်သိန်း၊ ရန်ကုန်မြို့မှ အလှူရှင်တစ်ဦးက ငွေကျပ်တစ်သိန်း၊ အဖျောက်မြို့မှ ဦးသောင်းရွှေ - ဒေါ်ကြည်မိသားစုက ငွေကျပ်ငါးသောင်း၊ အောက်မြန်မာပြည် ဆေးသုတေသန ညွှန်ကြားရေးမှူး ဒေါက်တာဦးသန်းထွန်းစိန်က ငွေကျပ်သုံးသောင်းနှင့် ပြုံးစာပေတိုက်၊ ကလျာဝိဇ္ဇာသိပ္ပံ၊ နေနွယ်ဇင်မြင့်၊ လမင်းမိုမို၊ ပုဏ္ဏမိ၊ ခင်တိုင်းရင်းမေ၊ ဒေါ်သန်းမြင့်အောင်၊ ဒေါ်ဝိုင်းဝိုင်း(ကံ့ကော်ဝတ်ရည်စာပေ)နှင့် တိုက်ကြီးမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ မတ်၉ရက်က သုတ၊ ရသ စာအုပ်၆၀၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (က-ပ)

## ဘားအံစတုဘုမ္မိကကျောင်း

ကရင်ပြည်နယ် ဘားအံမြို့နယ် ဘားကပ်စံပြကျေးရွာ စတုဘုမ္မိကကျောင်းဆရာတော်ဘဒ္ဒန္တမုဒိတ ကျောင်း၌ ရွှေမင်းဝံငှက်တွင်းဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခုနစ်ရက်တရားစခန်းကို မတ်၂၁ရက် မှစ၍ ဘဒ္ဒန္တကုမာရ (သာသနဓဇ ဓမ္မာ စရိယ၊ ဝိနယဝိဒူကမ္မဋ္ဌာနာစရိယ တိုင်းသံဃနာယက)ရန်ကုန် သဃ်န်းကျွန်း ပြည်သာယာ စတုဘုမ္မိက ရိပ်သာဆရာတော်က ဟောကြားမည်ဖြစ်သည်။ တရားစခန်းဝင်လိုပါက တရားစခန်းကော်မတီ(ဘားကပ်ရွာ)နှင့် ဆက်သွယ်နိုင်ကြောင်း သိရသည်။

## ကော့မှူးမိုးကုတ်ဝိပဿနာဓမ္မရိပ်သာ

**ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ (၄၆၅)ဖွင့်ပွဲအခမ်းအနားကို အဆိုပါ မိုးကုတ်ဓမ္မရိပ်သာ၌ မတ်၂၃ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။**

**အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် နာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရ ဘိဝံသက နိဗ္ဗာန်ရောက်ကြောင်း တရားနှင့် ရေစက်ချတရားတော်များ ဟောကြားမည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ အလှူရှင်များ၊မြို့သူမြို့သား၊ နယ်သူနယ်သား ဓမ္မမိတ်ဆွေများ ကြွရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။**

(က-ပ)

## သန့်-တည်-ပွားအဖွဲ့ သင်တန်းများဖွင့်မည်

ရန်ကုန် မတ် ၁၈

ထေရဝါဒ ဗုဒ္ဓသာသနာတော် သန့်ရှင်း-တည်တံ့-ပြန့်ပွားရေးအဖွဲ့ (သန့်-တည်-ပွား) အဖွဲ့ရုံးကို သဃ်န်းကျွန်းမြို့နယ်(သုဝဏ္ဏ) သံသုမာလမ်း စုပေါင်းမှတ်တိုင်(အစိမ်းရောင်တိုက်ခန်းတွဲ)မြေညီထပ်မှ လမ်းမတော်မြို့နယ် လှည်းတန်းလမ်း၊ အမှတ် ၆၈၊ စတုတ္ထထပ်သို့ မတ် ၂၇ရက်မှစ၍ ပြောင်းရွှေ့ဖွင့်လှစ်မည်ဖြစ်သည်။

အဌမအကြိမ်မြောက် မြင့်မြတ်ပုဂ္ဂိုလ်သင်တန်းနှင့် တတိယအကြိမ်မြောက် နွေရာသီ မြင့်မြတ်လူပုဂ္ဂိုလ်သင်တန်းဖွင့်ပွဲများကို မတ် ၃၀ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် အထက်ပါနေရာ၌ ကျင်းပမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများသည် ရုံးအဖွဲ့ ဖုန်း-၀၁-၇၂၇၂၂၃၊ ၀၁-၂၁၂၈၂၄တို့သို့ ကြိုတင်ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။ **(က-ပ)**

## စွယ်တော်ရတနာစေတီဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန် မတ် ၁၈

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်၌ တစ်နှစ်တစ်ကြိမ် ကျင်းပပူဇော်မြဲဖြစ်သော ဗုဒ္ဓမြတ်စွယ်တော်အပါအဝင် ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီအားဖြင့် ဗုဒ္ဓစေတီလေးဆူ ကိန်းဝပ်စံပယ်တော်မူသော စွယ်တော်ရတနာစေတီ ဗုဒ္ဓပူဇနီယပွဲတော်ကို ဆဌအကြိမ်မြောက် ကျင်းပပူဇော်မည်ဖြစ်ရာ မတ်၂၁ရက် နံနက် ၅နာရီတွင် အရုဏ်သစ်သီး ဆွမ်းတော်ကြီးကပ်လှူပူဇော်ပြီး ဗုဒ္ဓါဘိသေကအနေကဇာတင် ပူဇော်မည်ဖြစ်သည်။ အထူးတရားပွဲများကိုလည်း ကျင်းပမည်ဖြစ်ရာ မတ်၂၁ရက်၊ ၂၂ ရက်တို့တွင် ဓမ္မစေတီဆရာတော် ဘဒ္ဒန္တကောသလ္လကညစဉ် ၇နာရီမှစတင်၍ တရားတော်များဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

## မြတ်စောညီနောင်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန် မတ် ၁၈

ပဲခူးတိုင်း တောင်ငူမြို့ ရှေးဟောင်းသမိုင်းဝင် မြတ်စောညီနောင်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်နှင့် အကြိမ်(၂၀)မြောက် အသံမစဲမဟာပဋ္ဌာန်းဒေသနာတော်ရွတ်ဖတ်ပူဇော်ပွဲကို(မတ်၁၇ရက်မှ၂၁ရက်)အထိ ငါးရက်တိုင်ဇာတ်ပွဲ၊ ဗီဒီယို၊ ရုပ်ရှင် ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားစွာကျင်းပလျက်ရှိပြီး တပေါင်းလပြည့် မွန်းလွဲ၁နာရီတွင် ဘုရားနှင့်တကွ သံဃာတော် ၁၃၄ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူမည်ဖြစ်ရာ ပါဝင်လှူဒါန်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(ပြန်/ဆက်)**

## ဘိုကလေးမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် မတ် ၁၈

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ ထူးချွန်ပုဂ္ဂိုလ်များအား ဂုဏ်ပြုပွဲအခမ်းအနားကို မတ် ၁ ရက် နံနက် ၉ နာရီက ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးဘုရားဝင်း အသင်းဓမ္မာရုံ၌ ကျင်းပရာ အသင်းနာယကများ၊ အမှုဆောင်များ၊ အသင်းသူ အသင်းသားများ တက်ရောက် ကြသည်။

ရှေးဦးစွာ အသက်(၇၅)နှစ်နှင့် အထက် သက်ကြီးကန်တော့ခံအသင်းဝင် ၁၈ဦးအား အသင်းသူအသင်းသားများက ပူဇော်ကန်တော့ကြပြီး ကန်တော့ငွေများ ပေးအပ်လှူဒါန်းသည်။

**ဂုဏ်ပြုမှတ်တမ်း**

ကန်တော့ခံပုဂ္ဂိုလ်များ ကိုယ်စား နာယကကြီး ဗိုလ်ကလေးဦးတင့်အောင်က ဆုမွန်ခြွေအမှာစကား ပြောကြားသည်။ ထို့နောက်နိုင်ငံတော် အစိုးရက ချီးမြှင့်သည့် အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရဘွဲ့တံဆိပ်တော်ရ သီတဂူဦးနိုင်ဦးအား အသင်းနာယကကြီး ဦးကျင်မောင်က ဂုဏ်ပြုမှတ်တမ်းလက်မှတ် ပေးအပ်ချီးမြှင့်သည်။

**ဆုငွေများချီးမြှင့်**

ထို့နောက် ပညာရည်ချွန်ဆုများ ဆက်လက် ချီးမြှင့်ရာ Ph.D ဒေါက်တာဘွဲ့ရတစ်ဦး၊ ၂၀၀၆-၂၀၀၇ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်သော ခြောက်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် သုံးဦးတို့အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုငွေများ ချီးမြှင့်ကြသည်။

(က-ပ)

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ဂျပန်ပြန် ပညာသင်ဟောင်းများအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၁၈

မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်းများအသင်း (MAJA) နှစ်ပတ်လည်အစည်းအဝေးကို မတ်၁၅ရက် နံနက် ၉နာရီခွဲက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်းတွင် မင်းရဲကျော်စွာလမ်းရှိ Panda Hotel ၌ ကျင်းပရာ ဗိုလ်ချုပ်တင့်ဆွေ(အငြိမ်းစား)၊ အသင်းဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်**(အပေါ်ပုံ)**နှင့် နာယက ဦးသက်ထွန်းတို့က အသီးသီးအဖွင့်အမှာစကား ပြောကြားကြသည်။ ဆက်လက်ပြီး ဂျပန်သံအမတ် မစ္စတာယာစုအာကီနိုဂါဝါ၏ သဝဏ်လွှာကို အသင်းဒုဥက္ကဋ္ဌ(၁)ဦးမြင့်ဝေက ဖတ်ကြားတင်ပြခြင်း၊ အသင်း၏ နှစ်ပတ်လည်အစီရင်ခံစာကို အတွင်းရေးမှူး ဦးမျိုးခင်ကလည်းကောင်း၊ အသင်း၏ နှစ်ပတ်လည်ဘဏ္ဍာရေးအစီရင်ခံစာကို ဘဏ္ဍာရေးမှူးဦးမြင့်စိုးကလည်းကောင်း၊ အသင်း၏နှစ်ပတ်လည် စာရင်းစစ်အစီရင်ခံစာကို စာရင်းစစ် ဦးလိုတိုင်းရကလည်းကောင်း အသီးသီး ဖတ်ကြားကြသည်။ ထို့နောက် အထွေထွေနှင့် အစည်းအဝေး၏ တင်သွင်းခဲ့သော အစီရင်ခံစာနှင့် ဥက္ကဋ္ဌ၏ မိန့်ခွန်းကို အတည်ပြုပြီးနောက် ဦးမောင်မောင်အေး အသင်းသား အမှတ်(၁၄၂)မှ အကြံပြုဆွေးနွေးတင်ပြကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**(က-ပ)**

# ပုံပြင်ထဲကလူ၊ လူထဲကပုံပြင်

ယနေ့ကာလသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို သိမ်မွေ့ညင်သာချောမွေ့စွာ တစ်ဆင့်တက်လှမ်းရမည့် အချိန်အခါဟုဆိုရမည်။ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို လာမည့်မေလတွင် ပြည်သူအားလုံးပါဝင်သည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုပြဋ္ဌာန်းခွင့် ရရှိကြတော့မည်ဖြစ်သည်။

ယခုဖွဲ့စည်းပုံအခြေခံဥပဒေမတိုင်မီ ယခင်ကမြန်မာနိုင်ငံတွင် အခြေခံဥပဒေနှစ်ရပ် ပြဋ္ဌာန်းကျင့်သုံးခဲ့ဖူးသည်။ ပထမဦးဆုံး အခြေခံဥပဒေမှာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဖြစ်ပြီး ဒုတိယမြောက် ကျင့်သုံးသည့် အခြေခံဥပဒေမှာ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သည်။ ထိုဥပဒေနှစ်ရပ်စလုံးသည် မြန်မာနိုင်ငံ ယနေ့ဖြတ်သန်းနေရသည့် ခေတ်စနစ်နှင့်မလျော်ညီတော့သဖြင့် ထပ်မံကျင့်သုံး၍ မရနိုင်တော့ပေ။

၁၈-၉-၁၉၈၈ ရက်နေ့တွင် တပ်မတော်က နိုင်ငံတော်တာဝန်ကို ရယူခဲ့ရပြီးနောက် လုပ်ငန်းတာဝန်ကြီး (၄)ရပ် ချမှတ်ဖော်ဆောင်ခဲ့သည်။ လုပ်ငန်းတာဝန် တစ်ရပ်ဖြစ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးကိုရှေးရှုပြီး ၂၁-၉-၁၉၈၈ ရက်နေ့တွင် ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၂၇-၉-၁၉၈၈ ရက်နေ့တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ရေးဥပဒေကို ပြဋ္ဌာန်းပေးသည်။ ရွေးကောက်ပွဲတွင် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်ခွင့်ပြုခဲ့ရာ (၂၃၅) ပါတီအထိ မှတ်ပုံတင်ခဲ့ကြသည်။

ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလများအနေဖြင့် ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ပြည်သူလူထုအား ဟောပြောရေးသားတင်ပြခြင်းဖြင့် မဲဆွယ်စည်းရုံးခွင့် ရရှိစေရန်အတွက် ၂၃-၂-၁၉၉၀ ရက်နေ့တွင် စုဝေးခွင့်နှင့် မဲဆွယ်ခွင့်ဆိုင်ရာအမိန့်ကို ပြဋ္ဌာန်းပေးခဲ့သည်။

ထိုစဉ်က နိုင်ငံရေးပါတီ(၂၃၅) ပါတီရှိသည့်အနက် မိမိဆန္ဒအလျောက် ဖျက်သိမ်းသည့်ပါတီ (၁၀၂) ပါတီ၊ ဗကပနှင့် ဆက်သွယ်၍ ဖျက်သိမ်းခံရသည့်ပါတီ (၃)ပါတီ၊ အနည်းဆုံးမဲဆန္ဒနယ် (၃) နယ်တွင် ဝင်ရောက်အရွေးမခံနိုင်၍ ဖျက်သိမ်းသည့်ပါတီ (၆)ပါတီနှင့် ကိုယ်တိုင်လည်းမဖျက် ရွေးကောက်ပွဲလည်းမဝင်၍ ပယ်ဖျက်ခံရသောပါတီ (၃၁)ပါတီ ရှိလာခဲ့သည်။

စုစုပေါင်း (၁၄၂)ပါတီ ချုပ်ငြိမ်းသွားသဖြင့် ကျန်ရှိသော (၉၃)ပါတီက ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် ၎င်းတို့၏မူဝါဒ သဘောထားများကို ထုတ်ပြန်ဖော်ပြခဲ့ကြသည်။ ၎င်းတို့၏ ထုတ်ပြန်ကြေညာချက်များအရ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြင်ဆင်သုံးစွဲမည်ဟု ဖော်ပြသော ပါတီ (၇) ပါတီရှိသည်။ အခြေခံဥပဒေသစ် ရေးဆွဲမည်ဟု ဖော်ပြထားသော နိုင်ငံရေးပါတီ (၃၁)ပါတီရှိပြီး အခြေခံဥပဒေသစ် ရေးဆွဲမည်ဟု ယူဆနိုင်သော နိုင်ငံရေးပါတီ (၄၄) ပါတီရှိကြောင်း လေ့လာတွေ့ရှိရသည်။

ယင်းအချက်များကို ဖော်ပြရခြင်းမှာ မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် လိုအပ်လျက်ရှိသည်ကို ထင်ဟပ်ပေါ်လွင်စေလို၍ဖြစ်သည်။ ပြည်သူလူထုကလည်း ဆိုရှယ်လစ်စနစ်အစား ဒီမိုကရေစီစနစ်ကို ဖော်ဆောင်လိုကြသည်။ စီမံကိန်းစီးပွားရေးစနစ်အစား ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလိုကြသည်။ ပြည်သူလူထု၏ ဆန္ဒအရ ၁၉၄၇နှင့် ၁၉၇၄ အခြေခံဥပဒေနှစ်ရပ်စလုံးကို ပြင်ဆင်သုံးစွဲရန် မဖြစ်နိုင်ခဲ့ပေ။

ထို့ကြောင့် **တိုင်းရင်းသားကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးချယ်ခံကိုယ်စားလှယ်များ၊ လူထုလူတန်းစားအလွှာစုံမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြင့် အမျိုးသားညီလာခံကျင်းပ၍ နိုင်ငံ၏ ပကတိအရှိတရားနှင့် လက်ရှိအခြေအနေအရ အကောင်းဆုံးနှင့် အသင့်တော်ဆုံးဖြစ်သည့် အခြေခံမူများနှင့် အခြေခံရမည့်မူများကို အများသဘောတူ ညှိနှိုင်းချမှတ်ပြီး ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲခဲ့ရခြင်း ဖြစ်သည်။**

**ညီလာခံကိုယ်စားလှယ်များသည် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများ မချမှတ်မီကမ္ဘာ့နိုင်ငံပေါင်း တစ်ရာကျော်၏ အခြေခံဥပဒေများကို နှိုင်းယှဉ်လေ့လာပြီး ကမ္ဘာ့အဆင့်မီ အခြေခံဥပဒေတစ်ရပ် ဖြစ်ပေါ်အောင်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည်။ ယခင် အခြေခံဥပဒေနှစ်ရပ်၏ အားနည်း ချို့ယွင်းချက်များကို ရှောင်ရှားပြီး နိုင်ငံနှင့်လူမျိုးအတွက် အကောင်းဆုံးဖြစ်အောင် ဖော်ဆောင်ပေးခဲ့ကြသည်။**

**၁၉၄၇ခုနှစ် အခြေခံဥပဒေတွင် အခန်းပေါင်း ၁၄ခန်းနှင့် ပုဒ်မပေါင်း ၂၃၄ ခုအထိ ပါဝင်သည်။ ၁၉၇၄ခုနှစ် အခြေခံဥပဒေတွင် အခန်းပေါင်း ၁၆ခန်းနှင့် ပုဒ်မပေါင်း ၂၀၉ ခု ပြဋ္ဌာန်းခဲ့သည်။ ယခု အခြေခံဥပဒေမူကြမ်းတွင် အခန်းပေါင်း ၁၅ခန်းနှင့် ပုဒ်မပေါင်း ၄၅၇ခုပါဝင်ကြောင်း လေ့လာတွေ့ရှိရသည်။**

**နိုင်ငံသား၊ နိုင်ငံသားအခွင့်အရေးနှင့် တာဝန်များအပိုင်းကို နှိုင်းယှဉ်ကြည့်ပါက ၁၉၄၇ခုနှစ် အခြေခံဥပဒေတွင် ပုဒ်မ ၂၃ခုသာ ပြဋ္ဌာန်းပေးခဲ့သည်။ ၁၉၇၄ခုနှစ် အခြေခံဥပဒေတွင် ပုဒ်မ ၂၆ခုသာပါရှိသည်။ ယခု အခြေခံဥပဒေတွင် ပုဒ်မ ၅၀အထိ တိုးမြှင့်ဖော်ဆောင်ပေးထားကြောင်း တွေ့ရှိရသည်။**

## လေ့လာသူတစ်ဦး

**တိုင်းရင်းသားများ၏ အခွင့်အရေးအပိုင်းကို နှိုင်းယှဉ်ကြည့်ပါက ၁၉၄၇အခြေခံဥပဒေတွင် ကချင်၊ ကယား၊ ကရင်နှင့် ရှမ်းပြည်နယ်ဟူ၍ ပြည်နယ် (၄)ပြည်နယ်သာ ရရှိခဲ့သည်။ ၁၉၇၄ အခြေခံဥပဒေတွင် ချင်း၊ မွန်နှင့် ရခိုင်ပြည်နယ်များ ရရှိလာခဲ့သည်။ ယခု အခြေခံဥပဒေတွင် ပြည်နယ်(၇)ပြည်နယ်အပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း(၁)ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ(၅)ခု တိုးတက်ရရှိလာသည်။**

**ထို့မျှမက တိုင်းရင်းသားလူမျိုးစုများအနေဖြင့် မိမိတို့၏ဒေသအရေးကို မိမိတို့ဘာသာ စီမံခန့်ခွဲနိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် လွှတ်တော်များကို လည်းကောင်း၊ အစိုးရအဖွဲ့များကိုလည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော်နှင့်ပြည်နယ်တရားလွှတ်တော်များကိုလည်းကောင်း ဖွဲ့စည်းဆောင်ရွက်ခွင့်ရရှိလာသည်။**

**အလားတူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများအလိုက် ဦးစီးအဖွဲ့များ ဖွဲ့စည်းပြီး ဥပဒေပြုခွင့်အာဏာနှင့် အုပ်ချုပ်ခွင့်အာဏာတို့ကို ဒေသခံတိုင်းရင်းသားများကိုယ်တိုင် ကျင့်သုံးခွင့် ရရှိကြမည်ဖြစ်သည်။ ထို့အတူ တိုင်းဒေသကြီး ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသမရရှိကြသည့် လူဦးရေနည်းသည့် တိုင်းရင်းသားများအတွက်လည်း အခွင့်အရေးများ မကျန်စေရအောင် ဖော်ဆောင်ပေးထားသည်။**

၎င်းတိုင်းရင်းသားများ၏ လူဦးရေသည် တစ်နိုင်ငံလုံးလူဦးရေ၏ ၀ ဒသမ ၁ ရာခိုင်နှုန်းရှိပါက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်တွင် ကိုယ်စားလှယ်အဖြစ်ပါဝင်ပြီး ဥပဒေပြုခွင့်ရရှိကြမည်။ ၎င်းကိုယ်စားလှယ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တွင် လူမျိုးစုရေးရာဝန်ကြီးအဖြစ် ဆောင်ရွက်ခွင့် ရရှိပေဦးမည်။ လူနည်းစုတိုင်းရင်းသားများအတွက်လည်း လူဦးရေသည် တစ်သောင်းကျော်ပါက ၎င်းတို့နေထိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ဦးစီးအဖွဲ့များတွင် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခွင့်ရရှိကြမည်မှာ မလွဲဧကန်ပင်။

ဤမျှလောက်နှင့်ပင် မိမိတို့၏အခွင့်အလမ်းကို မိမိတို့ကိုယ်တိုင် အတည်ပြု ပြဋ္ဌာန်းနိုင်မည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း၏ ဒီမိုကရေစီအနှစ်သာရကို မြည်းစမ်းခွင့်ရရှိကြမည်ဟု ယူဆပါသည်။ ယခုရေတွင်းတူး၊ ယခုရေကြည်သောက်၍ မရနိုင်သဖြင့် စောင့်ဆိုင်းခဲ့ရသောကာလများမှ လွန်မြောက်ခဲ့ကြပြီဖြစ်သည်။ ယနေ့ကာလသည် ရေကန်အသင့် ကြာအသင့်၊ ပန်းတိုင်းပွင့်၍ ပွင့်သောပန်းတိုင်း မွှေးကြိုင် လန်းဆန်း ငြိမ်းချမ်းသာယာရှိလာတော့မည့် အခါသမယပင် ဖြစ်သည်။

ကြုံကြိုက်တိုက်ဆိုင်၍ ပုံပြင်လေးတစ်ပုဒ်ကို မှတ်မိသမျှ ဖော်ပြလိုပါသည်။ ခရီးသွားအဖော်နှစ်ယောက် တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားခဲ့ကြသည်။ လမ်းတွင် မြက်ထုံးများတွေ့ရာ နှစ်ဦးစလုံး လိုရမည်ရ သယ်ယူလာကြသည်။ ရှေ့ဆက်သည့်ခရီးတွင် စပါးနှံအထုံးများတွေ့ရာ ပထမလူက မြက်ထုံးကို စွန့်ပစ်ပြီး စပါးနှံထုံးကို သယ်ယူသည်။ ဒုတိယလူက ခရီးရှည်ကြာစွာ သယ်ယူလာခဲ့ရသော မြက်ထုံးကို မစွန့်ပစ်နိုင်ဘဲ ဆက်လက်သယ်ယူလာသည်။

ခရီးဆက်လက်ထွက်ခွာခဲ့ရာ တစ်နေရာတွင် ရွှေတုံးများတွေ့သည်။ စပါးနှံထုံး သယ်ယူလာသူက စပါးနှံထုံးကို စွန့်ပစ်ပြီး ရွှေတုံးများကို သယ်ယူသည်။ မြက်ထုံးသယ်ယူလာသူက ရွှေတုံးများ အဖိုးတန်မှန်း သိသော်လည်း လမ်းခရီးတစ်လျှောက်လုံး သယ်ယူလာခဲ့ရသည်ဟူသော အစွဲအလမ်းဖြင့် မြက်ထုံးကိုသာ ဖက်တွယ်သယ်ယူခဲ့သည်ဟူ၏။ ရွေးချယ်မှုမမှားဖို့ သင်ခန်းစာပေးထားသည့် ပုံပြင်လေးဖြစ်ပါသည်။

မကြာသေးမီက ''အစွဲအလမ်းများဖြင့် အမြဲတမ်းမှားခဲ့သည့် တိုင်းပြည့်အန္တရာယ်(သို့မဟုတ်) ဗကပ''ခေါင်းစဉ်ဖြင့် ရေးသားထားသည့် ဆောင်းပါးတစ်ပုဒ်ကို သတင်းစာများတွင် ဖတ်လိုက်ရသည်။ ဗကပ ယူဂျီများနှင့် လက်ဝဲသူငယ်နာ မစင်သေးသည့် နိုင်ငံရေးသမားများက ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ထောက်ခံမှုမပြုကြရန် သွေးဆောင်ဖြားယောင်းနေကြောင်း သိခဲ့ရသည်။

မြန်မာနိုင်ငံတွင် ပုံပြင်ထဲက ဒုတိယလူလို လူစားများရှိနေသေးပါတကားဟု ဆိုရန်သာရှိပါတော့သည်။ ။

**ညီလာခံ ကိုယ်စားလှယ်များသည် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့် မူများ မချမှတ်မီ ကမ္ဘာ့နိုင်ငံပေါင်း တစ်ရာကျော်၏ အခြေခံ ဥပဒေများကို နှိုင်းယှဉ်လေ့လာပြီး ကမ္ဘာ့ အဆင့်မီ အခြေခံ ဥပဒေ တစ်ရပ် ဖြစ်ပေါ်အောင် ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည်။**

**ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်နှင့် ဒေါပုံမြို့နယ်များအတွင်းရှိ ဈေးများအားလုံး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတိမူရေးဟောပြောပွဲ အခမ်းအနားကို မတ် ၁၆ရက်က သာကေတမြို့နယ် အမှတ်(၁)ဈေးရှေ့တွင်ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဈေးများဌာန ဒုတိယဌာနမှူး ဦးတင်ကိုကိုနှင့် မြို့နယ် မီးသတ်ဦးစီးမှူး ဦးကိုကိုဦးတို့က ရှင်းလင်းဟောပြောစဉ်။ (၁၁၆)**

### အကြိမ်(၁၀၀)မြောက် သွေးလှူဒါန်း

**ရန်ကုန် မတ် ၁၈**

၇၂၇ ဘုမ္မာ ၄လမ်း၊ (ဈ)ရပ်ကွက် မြောက်ဥက္ကလာပနေ လူမှုထူးချွန် ပထမဆင့် ဦးမောင်ကျော်(ခ)ဦးကျော်ကျော်သည် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတွင် မတ် ၁၃ ရက်က အကြိမ်(၁၀၀)မြောက် သွေးလှူဒါန်းခဲ့သည်။ (ဝဲပုံ) (က-ပ)

# အာရှအနုပညာကြယ်ပွင့်တို့ရဲ့ —— လှုပ်ရှားမှုအကြောင်း တစေ့တစောင်း ...

**ပြည်ပအနုပညာရှုခင်း–မိုးမြင့်လင်းလက်** **စာမျက်နှာဖွဲ့စည်းမှု–ကြည်ဝင်း**

ကမ္ဘာတစ်လွှားမှာ လူကြိုက်များရေပန်းစားနေတဲ့အာရှရဲ့ အနုပညာကြယ်ပွင့်တွေဟာ မိမိတို့ရဲ့ အနုပညာအရည်အသွေးကို တောက်ပြောင်အောင် အမြဲကြိုးစားနေတာမို့ မိခင်နိုင်ငံတွင်သာမကဘဲ ကမ္ဘာ့နိုင်ငံအသီးသီးက ပရိသတ်တွေ နှစ်ခြိုက်သဘောကျ အားပေးခြင်းကို ခံနေရတဲ့သူတွေ ဖြစ်ပါတယ်။

အာရှမှာတော့ တောင်ကိုရီးယား အနုပညာသရုပ်ဆောင် အမျိုးသားအမျိုးသမီးတွေက ပရိသတ်ရဲ့ အားပေးမှုကို ထိပ်ဆုံးကလက်ခံရယူနိုင်ကြတဲ့ သူတွေဖြစ်သလို အိန္ဒိယရုပ်ရှင်အနုပညာရှင်တွေကလည်း ကမ္ဘာကျော်သူတွေ ဖြစ်ပါတယ်။ အနုပညာနယ်ပယ်မှာ အောင်မြင်ကျော်ကြားနေတဲ့ သူတို့တွေအကြောင်း တစေ့တစောင်း ပရိသတ်တွေအတွက် သတင်းစကားဖော်ပြလိုက်ရပါတယ်။

## အိန္ဒိယရုပ်ရှင်လောကမှာ မီဂါစတား အမိတာဘာချမ်း

ဘောလီးဝုဒ် မီဂါစတား အမိတာဘာချမ်း

အိန္ဒိယရုပ်ရှင် အနုပညာလောကမှာ အမိတာဘာချမ်းဟာ ဝါရင့်သမ္ဘာရင့် သရုပ်ဆောင်တစ်ဦး ဖြစ်ပါတယ်။ ဒါ့အပြင် အိန္ဒိယဘောလီးဝုဒ်မှာတော့ အမိတာဘာချမ်းဟာ တကယ့်ကို လျှမ်းလျှမ်းတောက်အောင်မြင်နေဆဲ ရုပ်ရှင်မင်းသားကြီးဖြစ်ပြီး ၁၉၄၂ခုနှစ် အောက်တိုဘာ ၁၁ရက်က မွေးသူမို့ အခုအချိန်မှာ အသက်၆၆နှစ်အရွယ် ရှိနေပြီဖြစ်ပါတယ်။ အမိတာဘာချမ်းဟာ ၂၀၀၈ ခုနှစ်အတွက် လောလောဆယ်မှာတော့ "Bhoothnath Bhoothnath, Sarkar, Exclusion, Yudh" ရုပ်ရှင်ဇာတ်ကားတွေ ရိုက်ကူးနေပါတယ်။

အိန္ဒိယနိုင်ငံမှာရှိတဲ့ ရုပ်ရှင်သရုပ်ဆောင်နဲ့ အနုပညာဆိုင်ရာ သတ်မှတ်အရည်အချင်း အကဲဖြတ်အဖွဲ့ရဲ့ သုံးသပ်ချက်အရ အိန္ဒိယနိုင်ငံရဲ့ အထူးချွန်ဆုံးသရုပ်ဆောင်တစ်ဦးအဖြစ် သတ်မှတ်ခံထားရသူလည်း ဖြစ်ပါတယ်။

အမိတာဘာချမ်းဟာ အခုရက်ပိုင်းအတွင်းက သူ့ရဲ့အိမ်မှာ အနုပညာလုပ်ငန်းတွေဆောင်ရွက်ဖို့ အမိတာဘာချမ်း ကော်ပိုရေးရှင်းလီမိတက်ကို ထူထောင်ဖွင့်လှစ်လိုက်ပြီ ဖြစ်ပါတယ်။ လာမယ့် သုံးနှစ်လေးနှစ်အတွင်းမှာသာ ရုပ်ရှင်ရိုက်ကူးခြင်းအလုပ်တွေ လုပ်ကိုင်နိုင်တော့မယ့် သူ့အတွက် အခုလို ကိုယ်ပိုင်အနုပညာလုပ်ငန်းလုပ်ကိုင်ဖို့ ထူထောင်ခြင်းလည်း ဖြစ်ပါတယ်။ ။

## တောင်ကိုရီးယားအမျိုးသား သရုပ်ဆောင်ဂွျန်ယောင်း

ဂျပန်ကို ခရီးဆန့်မယ့် ဂွျန်ယောင်း

**တောင်ကိုရီးယား အမျိုးသားရုပ်ရှင် သရုပ်ဆောင်တွေထဲမှာ ဒုတိယမြောက်နာမည်အကြီးဆုံးနဲ့ ပရိသတ်အားပေးခံရမှုအရှိဆုံးက ဝမ်ဆန်ဝူး(ခ)ဂွျန်ယောင်းပဲ ဖြစ်ပါတယ်။ တောင်ကိုရီးယားမှာ ဂွျန်ယောင်းရဲ့ ပရိသတ်တွေ အထူးများပြားသလို တရုတ်နဲ့ဂျပန်နိုင်ငံတို့မှာလည်း သူ့ကို နှစ်ခြိုက်အားပေးသူတွေများတယ်လို့ ဆိုပါတယ်။**

**အသက်၂၈နှစ်အရွယ်ရှိတဲ့ ဂွျန်ယောင်းဟာ လောလောဆယ်မှာ "Love so Divine"အမည်ရှိတဲ့ ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးနေပါတယ်။ ဒီဇာတ်ကားဟာ ဒရမ်မာဇာတ်ကားဖြစ်ပြီး တောင်ကိုရီးယားမှာ ရိုက်ကူးထားတဲ့ ရုပ်ရှင်ဇာတ်ကား ဖြစ်ပါတယ်။**

**ဒါ့အပြင် မတ်လကုန်လောက်မှာ ဂျပန်နိုင်ငံကို အနုပညာခရီးအဖြစ် သွားရောက်မှာဖြစ်သလို ဂျပန်မှာရှိတဲ့ သူ့ရဲ့ ပရိသတ်တွေနဲ့လည်း တွေ့ဆုံပွဲပြုလုပ်မှာဖြစ်ပါတယ်။ ဂျပန်နိုင်ငံမှာ ရုပ်ရှင်ဇာတ်ကားနဲ့ ရုပ်မြင်သံကြား ရိုက်ကူးမယ့် ကုမ္ပဏီတွေနဲ့လည်း ဆွေးနွေးမှုတွေ ပြုလုပ်မှာဖြစ်ပါတယ်။**

**ဂွျန်ယောင်းဟာ တောင်ကိုရီးယားနိုင်ငံရဲ့ လူမှုရေးဆိုင်ရာ သံတမန်အဖြစ်လည်း တာဝန်ပေးခြင်းခံထားရပြီး လူမှုရေးဆိုင်ရာ ရန်ပုံငွေရှာဖွေမှုနဲ့လှုပ်ရှားမှုတွေမှာလည်း ပါဝင်ဆောင်ရွက်နေပါတယ်။ အဲဒီလူမှုရေးဆိုင်ရာ လှုပ်ရှားမှုတွေအတွက်လည်း ဧပြီလမှာ ပြည်ပခရီးစဉ်တွေသွားရောက်မယ့်အကြောင်း သတင်းပေးလိုက်ရပါတယ်။ ။**

## တောင်ကိုရီးယားကြယ်ပွင့် မင်းသမီးချော အွန်စော

**နာမည်ကြီးသရုပ်ဆောင် အွန်စော**

တောင်ကိုရီးယားနိုင်ငံရဲ့ ၂၀၀၈ခုနှစ်မှာ နာမည်ကြီးဆုံးနဲ့ ပရိသတ်တွေ လက်ခံအားပေးမှုအရှိဆုံးသရုပ်ဆောင်တွေရဲ့စာရင်းကို မတ်၁၅ရက်က ထုတ်ပြန်တဲ့အခါ ဆောင်ဟေကို(ခ)အွန်စောက အမျိုးသမီးသရုပ်ဆောင်တွေထဲမှာ ထိပ်ဆုံးနေရာက မရရှိပေမယ့် ပရိသတ်အများဆုံးအားပေးကြောင်း သိရပါတယ်။

၁၉၈၂ခုနှစ် ဖေဖော်ဝါရီ၂၆ရက်မှာမွေးဖွားခဲ့တဲ့ အွန်စောဟာ အသက်၂၆နှစ်ကို ပြီးခဲ့သည့် ဖေဖော်ဝါရီ၂၆ ရက်မှာ ပြည့်ပြီးဖြစ်ပါတယ်။ အွန်စောဟာ တောင်ကိုရီးယား အချစ်ဇာတ်ကားတွေနဲ့ ရုပ်မြင်သံကြား ဇာတ်လမ်းတွေမှာ အပိုအလိုမရှိ သရုပ်ဆောင်နိုင်တဲ့အပြင် ပင်ကိုသဘာဝဆန်တဲ့ အမူအယာတွေကြောင့် ပရိသတ်တွေရဲ့ အားပေးလက်ခံမှု ရရှိခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။

အွန်စောဟာ အခုလောလောဆယ်မှာ"Hwangjiny" လို့ အမည်ပေးထားတဲ့ရုပ်ရှင်ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ထားသလို မကြာခင်မှာ ဟောလီးဝုဒ်ကိုသွားရောက်ပြီး ရုပ်ရှင်ဇာတ်ကားရိုက်ဖို့လည်း အစီအစဉ်ရှိပါတယ်။ အခုအချိန်မှာတော့ ပရိသတ်တွေနဲ့ တွေ့ဆုံမှုအစီအစဉ်တွေ ခေတ္တရပ်ဆိုင်းထားပြီး ရုပ်ရှင်ဇာတ်ကားတွေကို ပြီးပြတ်အောင် အာရုံစိုက် ရိုက်ကူးနေကြောင်း သိရပါတယ်။ ။

**ကိုးကား–အင်တာနက်**

**ဦးခင်မြင့်အား ရည်စူး၍ တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက် ရှင်သိဒ္ဓတ်၁၂လမ်းနေ ဇနီးဒေါ်နွဲ့နွဲ့မြိုင်၊ သမီး ဒေါ်နီနီမြင့်နှင့်မောင်နှမများက တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော် အနောက်ဘက် ရင်ပြင်အာရုံခံတန်ဆောင်းအမိုးအတွက် အလှူငွေကျပ် ၇၂၉၀၀၀ကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သွင်နှင့် အတွင်းရေးမှူး ဦးမျိုးဝင်းတို့ထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

## မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ကြီးမှူး လူငယ်တင်းနစ်ပြိုင်ပွဲများကျင်းပမည်

**ရန်ကုန် မတ် ၁၈**

(၆၃)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ Myanmar C.P Co., Ltd.က ပံ့ပိုးကူညီမှုဖြင့် ကျင်းပမည့် အသင်းလိုက်ပြိုင်ပွဲ၊ အသက်(၁၂)နှစ်အောက်၊ (၁၄)နှစ်အောက်၊ (၁၆)နှစ်အောက်ပြိုင်ပွဲတို့ကို မတ်၂၂ရက်မှ ၂၇ရက်အထိ သိမ်ဖြူ တင်းနစ် အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

### ပါဝင်မည်

ပြိုင်ပွဲအမျိုးအစားများမှာ (က) အဆင့် အသင်းလိုက်ပြိုင်ပွဲ၊ တစ်ဦးချင်းနှစ်ပွဲ၊ နှစ်ယောက်တွဲတစ်ပွဲ ကစားခွင့်ပြုမည်။ အသင်းတစ်သင်းလျှင် အားကစားသမား အနည်းဆုံး လေးဦးနှင့် အများဆုံးငါးဦး ပါဝင်ယှဉ်ပြိုင်ရန်၊ (ခ)အဆင့် အသင်းလိုက်ပြိုင်ပွဲ၊ နှစ်ယောက်တွဲ သုံးပွဲ ကစားခွင့်ပြုမည်။ အသင်းတစ်သင်းလျှင်အားကစားသမား အနည်းဆုံးခြောက်ဦး၊ အများဆုံးခုနစ်ဦး ပါဝင်ယှဉ်ပြိုင်ရန်နှင့် အသက်(၁၂)နှစ်၊ (၁၄)နှစ်နှင့် (၁၆)နှစ်အောက် လူငယ်ကျား၊မ တင်းနစ်ပြိုင်ပွဲတို့ ပါဝင်မည်ဖြစ်သည်။

### ကန့်သတ်ချက်

ပြိုင်ပွဲ စည်းကမ်းများမှာ (က) အဆင့် အသင်းလိုက်ပြိုင်ပွဲတွင် လက်ရွေးစင်များနှင့် ပြည်နယ်နှင့်တိုင်းအဆင့် အားကစားသမားများသာ ပါဝင်ရန်၊ (ခ)အဆင့် အသင်းလိုက် ပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်း အဆင့်မဟုတ်သူများ၊ အသက်(၄၅)နှစ် အထက်၊ ပြည်နယ်နှင့်တိုင်း လက်ရွေးစင်ဟောင်းများ တစ်သင်းလျှင် တစ်ဦးသာ ပါဝင်ခွင့်ရှိသည်။ အသက်(၅၀)အထက် လက်ရွေးစင်ဟောင်းများ တစ်ဦးနှင့် အသက်(၆၀)နှင့်အထက် ပြည်နယ်နှင့်တိုင်းလက်ရွေးစင်ဟောင်းများ တစ်သင်းလျှင် အားကစားသမားဦးရေ ကန့်သတ်ချက်မရှိ ပါဝင်ခွင့်ရှိသည်။

ပြိုင်ပွဲသို့ နယ်မှ လာရောက်ပါဝင်ယှဉ်ပြိုင်သော ကလပ်အသင်းများကို ခရီးစရိတ်အဖြစ် တစ်သင်းလျှင် ငွေကျပ်၃၀၀၀၀၊ လူငယ်သက်တမ်းအလိုက် ပါဝင်ကစားလိုသူများ တစ်ဦးလျှင် ငွေကျပ်၁၀၀၀၀နှင့် နေထိုင်ရေးတို့ကို မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က စီစဉ်ဆောင်ရွက်ပေးမည်။

### တက်ရောက်

ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်လိုသူများသည် မတ်၂၀ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဖုန်း–၃၇၂၃၆၈ သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းရမည်ဖြစ်ပြီး မတ်၂၀ရက် မွန်းလွဲ၁နာရီတွင် ပွဲစဉ်များရေးဆွဲမည့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ရုံးခန်းသို့ အသင်းတစ်သင်းမှ တာဝန်ရှိသူတစ်ဦး တက်ရောက်ကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မင်းပြားမြို့နယ်အသင်း(ရန်ကုန်) ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးနှစ်ပါးပူဇော်မည်

**ရန်ကုန် မတ် ၁၈**

၂၀၀၈ ခုနှစ် နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မင်္ဂလာတိုက်ကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ)နှင့် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ အိန္ဒိယနိုင်ငံ ဗာရာဏသီ ဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇ အရှင်မြတ်နှစ်ပါးတို့အား ဂုဏ်ပြုပူဇော်ခြင်း၊ မင်းပြားမြို့နယ်သား ရန်ကုန်ကျောင်းထိုင် ဆရာတော်များအား ကန်တော့ခြင်း၊ အသက်(၇၅)နှစ်အထက်ဘိုးဘွား၊ မိဘများအား ပူဇော်ခြင်း၊ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်ကျောင်းသားကျောင်းသူများအား ပညာရည်ချွန်ဆုပေးခြင်းနှင့် မင်းပြားမြို့နယ်အသင်း(ရန်ကုန်)၏ (၁၉)ကြိမ်မြောက်သင်းလုံးကျွတ် အစည်းအဝေးတို့ကို မတ် ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ကျောင်းတော်ရာ ရွှေကျင်တိုက် မင်္ဂလာတိုက်ကျောင်း၌ ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များ၊ စေတနာရှင် အလှူရှင်များ၊ မင်းပြားမြို့နယ်သူ၊ မြို့နယ်သားများ၊ စိတ်ပါဝင်စားသူများ တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် အသင်းဥက္ကဋ္ဌ ဦးစိန်လှအောင် ဖုန်း–၅၇၁၇၁၀၊ အတွင်းရေးမှူးဦးထွန်းကျော် ဖုန်း–၅၂၆၀၃၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

## ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းဖွင့်လှစ်

**ရန်ကုန် မတ် ၁၈**

မန္တလေးတိုင်း ညောင်ဦးမြို့နယ် အထက်ညဥ့်ကျေးရွာ မင်္ဂလာသိရိကျောင်း ဆရာတော် ဘဒ္ဒန္တသုမန၏ ဩဝါဒကိုခံယူလျက် သင်တန်းနည်းပြအရှင်ပါကဋ(လက်ယက်မ)က ဒုတိယအကြိမ်မြောက် နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို တပေါင်းလဆန်း၇ရက် (မတ်၁၃ရက်) ကြာသပတေးနေ့မှစ၍ ဖွင့်လှစ်သင်ကြားပြသလျက်ရှိကြောင်းသိရသည်။ **(က–ပ)**

**မိုး**

**အစဉ်သတိပြု**

## မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ကြီးမှူးဖွင့်လှစ်သော (၁/ ၂၀၀၈) ရုပ်ရှင်သရုပ်ဆောင်သင်တန်း ဖောင်ပိတ်ရက် ထုတ်ပြန်ကြေညာ

**ရန်ကုန် မတ် ၁၈**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ကြီးမှူးဖွင့်လှစ်သော (၁/၂၀၀၈) ရုပ်ရှင်သရုပ်ဆောင်သင်တန်း ဖောင်ပိတ်ရက်ကို မတ်၂၀ရက်အဖြစ် သတ်မှတ်ပြီး လူတွေ့စစ်ဆေးမည့်ရက်ကို ၂၄ရက်နှင့် ၂၅ရက်တို့တွင် သတ်မှတ်ထားကြောင်း၊ ရုပ်ရှင်သရုပ်ဆောင် သင်တန်းဖွင့်ရက်ကို ယခင်မတ် ၂၄ရက်ဟု သတင်းထုတ်ပြန်ထားသော်လည်း လာမည့် ဧပြီ၁ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အမှတ်(၁၆) ဝက်ပါလမ်း ဗဟန်းမြို့နယ် ရန်ကုန် ဖုန်း–၅၄၄၂၇၀၊ ၅၄၄၂၇၁တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး ရုပ်ရှင်သရုပ်ဆောင် သင်တန်းကော်မတီက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

# ဒေသဖွံ့ဖြိုးတိုးတက်ရေး ပါဝင်ဆောင်ရွက်ခဲ့ကြသူများအား ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် မတ် ၁၈

**ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်လှုပ်ရှားဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို မတ်၁၅ရက် မွန်းလွဲ၃နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်စက်မှုဇုန် ကနောင်ခန်းမ၌ ကျင်းပရာ အစီအစဉ်အရ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်က ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အတွင်း မတ်၂ရက်မှ၆ရက်အထိ ဌာနဆိုင်ရာနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များဖြင့် နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြ၍ ဒေသခံပြည်သူဦးလှကြည်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။**

**ဂုဏ်ပြုမှတ်တမ်းလွှာပေး**

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်းက နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်ရာ ရန်ကုန်အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်အေးက လက်ခံသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်းက မြို့ပြနှင့်ကျေးလက် ကွာဟမှုမရှိစေရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်း လိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကြည့်ရှုစစ်ဆေး

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း အခြေခံ ကွန်ပျူတာသင်တန်း အမှတ်စဉ်(၁/၂၀၀၈) ဖွင့်ပွဲတွင် သင်တန်းခန်းမကို ကြည့်ရှုစစ်ဆေး စဉ်။** (ဘဏ္ဍာ/အခွန်)

## ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ဌာနဆိုင်ရာများအား တွေ့ဆုံမှာကြား

**နေပြည်တော် မတ် ၁၈**

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် မတ် ၁၆ရက်က ပြည်မြို့ သီရိခေတ္တရာ ရတနာမြို့တော်ခန်းမ၌ ပြည်မြို့ပေါ်ရှိ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။ ထို့နောက် ဝန်ကြီးသည် ပြည်မြို့ အမှတ်(၃)ရဲစခန်း အသစ်တည်ဆောက်နေမှုနှင့် စိုက်ပျိုးမွေးမြူရေး ဆောင်ရွက် ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အခြေခံကွန်ပျူတာသင်တန်း ဖွင့်လှစ်

**နေပြည်တော် မတ် ၁၈**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ICTကျွမ်းကျင်မှုကော်မတီက ကြီးမှူးဖွင့်လှစ်သည့် အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ်(၁/၂၀၀၈)ဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းတက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားပြီး ဖွင့်လှစ်ပေးသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အရာထမ်းများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

## စိန်စည်ဆရာတော် ဓမ္မသဘင်

**ရန်ကုန် မတ် ၁၈**

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ၄၈ရပ်ကွက် ဗိုလ်မင်းရောင်လမ်း မဟာစည်သြဝါဒခံ ပြည်တွင်းပြည်ပ သာသနာပြု စိန်စည်ဆရာတော်သည် မတ်၁၇ရက်နှင့်၁၈ရက်တွင် မင်္ဂလာဈေး ဓမ္မာရုံ ဗဟန်းမြို့နယ် ရန်ကုန်မြို့၊ ၂၄၊ ၂၅၊ ၂၆ရက်တွင် နန်တောင် ဘုရားတရားပွဲ သံတွဲမြို့၊ မတ် ၃၀ရက်မှ ဧပြီ၈ရက်အထိ စိန်စည်သာသနာ့ရိပ်သာ ရန်ကုန်မြို့၊ ဧပြီ ၂ရက်တွင် တိရတန ရက္ခိတဓမ္မာရုံ တောင်ဥက္ကလာပ၊ ၃ရက်၊ ၄ရက်တို့တွင် ဆပ်သွားမြို့၊ ၁၀ရက်တွင် စိန်စည် သာသနာ့ရိပ်သာ တရားပွဲ အောင်လံမြို့၊ ၁၁ရက်မှ ၂၀ရက်အထိ ရန်ကုန်မြို့ စိန်စည်သာသနာ့ရိပ်သာ သင်္ကြန်တရားစခန်းပွဲ၊ ၁၅ရက်တွင် လယ်တီစံသာသနာ့ရိပ်သာ ပုဇွန်တောင် မြို့နယ်တို့၌ တရားတော်များဟောကြား မည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

## ရွှေရင်အေးမဟာစည်ရိပ်သာ အထူးတရားစခန်းဖွင့်မည်

**ရန်ကုန် မတ် ၁၈**

အင်းစိန်မြို့ ဇယမင်္ဂလာကျောင်းတိုက် ရွှေရင်အေးမဟာစည်ရိပ်သာတွင် ၁၃၆၉ခုနှစ် တန်ခူးလဆန်း၃ရက် (ဧပြီ၈ရက်)မှစ၍ တန်ခူးလဆန်း ၁၃ရက်(ဧပြီ၁၈ရက်)အထိ သင်္ကြန်တွင်း အထူးတရားစခန်းပွဲကို ရွှေရင်အေး ဆရာတော်ကိုယ်တိုင် ဟောကြားပြသ မည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသော ယောဂီများသည် မတ် ၁၆ရက်မှစ၍ စာရင်းများ ပေးသွင်းနိုင်ကြောင်းနှင့် စာရင်းပေးသွင်းထားသော ယောဂီများ သည် မိမိသုံးစွဲနေကြ ဆေးဝါးပစ္စည်း အသုံးအဆောင်များနှင့် အိပ်ရာလိပ်၊ ခြင်ထောင်များယူဆောင်ပြီး ဧပြီ၇ရက် ညနေ၅နာရီအရောက် ရောက်ရှိရမည် ဖြစ်ပြီး ယောဂီဦးရေ ကန့်သတ်ထား သည့်အပြင် တရားစခန်းဝင်ကြေးပေး သွင်းရန် မလိုကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

# အာရှတံခွန်စိုက် ဘိလိယက်ပြိုင်ပွဲနှင့် U-21 စနူကာပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၁၈**

မြန်မာနိုင်ငံတွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် 7th Asian Billiards Championship And 9th Asian U-21 Snooker Championship ပြိုင်ပွဲများ ကျင်းပနိုင်ရေး အတွက် ပေါင်းစပ် ညှိနှိုင်းအစည်း အဝေးကို ယမန်နေ့နံနက် ၁၀နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစား ပြိုင်ကွင်း အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ ရှေးဦးစွာမြန်မာနိုင်ငံအိုလံပစ် ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးမြင့်က 7th Asian Billiards Championship And 9th Asian U-21 Snooker Championship ပြိုင်ပွဲ ကျင်းပရေးနှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြသည်။

**အကြံပြုဆွေးနွေး**

ယင်းနောက် တက်ရောက်လာကြသော ဌာနဆိုင်ရာများက အထွေထွေ ကိစ္စရပ်များကို အကြံပြုဆွေးနွေးကြကာ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က နိဂုံးချုပ်အမှာစကားပြောကြားပြီး ညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**ကျင်းပ**

7th Asian Billiards Championship And 9th Asian U-21 Snooker Championship ပြိုင်ပွဲကို ၂၀၀၈ခုနှစ် ဧပြီ ၅ရက်မှ ၁၂ရက် အထိ ရန်ကုန်မြို့ရှိ ကန်တော်ကြီး ပဲလေ့(စ်) ဟိုတယ်၌ ကျင်းပမည်ဖြစ် သည်။

**ယှဉ်ပြိုင်**

ပြိုင်ပွဲတွင် အိမ်ရှင် မြန်မာ၊ ပါကစ္စတန်၊ အိန္ဒိယ၊ ကိုရီးယားသမ္မတ နိုင်ငံ၊ အီရတ်၊ ထိုင်း၊ မလေးရှား၊ ကာတာ၊ အီရန်၊ ဗီယက်နမ်၊ ဘာရိန်း၊ ယူအေအီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အင်ဒိုနီးရှား၊ စင်ကာပူနှင့် သီရိလင်္ကာ နိုင်ငံတို့ ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ် ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့အလင်း လိုတိုရှင်း သတင်းများ

### ပျော်ဘွယ် အရှင်ဝိသုဒ္ဓရုံသီ၏ တရားပွဲများ

**ဂန္ထဝါစကပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ၊ ပျော်ဘွယ် အရှင်ဝိသုဒ္ဓရုံသီသည် မတ် ၁၉ရက်နှင့် ၂၁ရက် ညများတွင် ဓနုဖြူမြို့ကျိုက္ကလွန်ဗွန်း စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်နှင့် စူဠဘွဲ့နှင်းသဘင် သံဃဒါနဆွမ်းဆန်စိမ်းလောင်းလှူပွဲ အထိမ်းအမှတ်အဖြစ် တရားပွဲများ ဟောကြားမည်ဖြစ်သည်။** (က-ပ)

### နှစ်ထပ်ကျောင်းဆောင်သစ်ရေစက်ချ

အင်းတော်မြို့နယ် မိုးယူရွာအနီးရှိ ဆည်ကြီးကုဋ္ဌာသယတောင်တော်တွင် ဦးအောင်ဆန်း(မြို့နယ်ဥပဒေအရာရှိ)နှင့် ခုနစ်ရက်သားသမီးအလှူရှင်များ စုပေါင်းဆောက်လုပ်လှူဒါန်းသောနှစ်ထပ်ကျောင်းဆောင်သစ်ကြီး ရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ရက်ကအဆိုပါကျောင်းဆောင် သစ်ကြီး၌ ကျင်းပသည်။ **(ဝ၃၀)**

### စာကြည့်တိုက် ရှင်သန်ခိုင်မာရေး ဆွေးနွေး

**ကျောက်မဲမြို့နယ် ပန်လော့(၁)ကျေးရွာ အစိုးရမူလတန်းကျောင်းတွင် ဖေဖော်ဝါရီ ၃ရက်က ကျေးရွာစာကြည့်တိုက် ရှင်သန်ခိုင်မာရေး ဆွေးနွေးပွဲ ကျင်းပသည်။ ရှေးဦးစွာ ကျောက်မဲခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ဆောင်က ကျေးရွာစာကြည့်တိုက် ရှင်သန် ခိုင်မာရေးဆွေးနွေး ပြီးနောက် စာအုပ်များပေးအပ်လှူဒါန်းရာ စာကြည့်တိုက် တာဝန်ခံကျောင်းအုပ် ဆရာမကြီး ဒေါ်ဖြူဖြူဆွေက လက်ခံယူသည်။** (ကျောက်မဲ ပြန်/ဆက်)

### မြင်းမူ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆောင်ရွက်

မြင်းမူမြို့နယ် ညောင်မြစ်ကျေးရွာနှင့် ပုညာကျေးရွာများတွင် ဖေဖော်ဝါရီ ၂၃ရက်၊ ၂၄ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သောင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အဆိုပါကျေးရွာများသို့ ကွင်းဆင်းပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

### ဝတ်စုံပေးအပ်ပွဲနှင့် အာဟာရကျွေးပွဲ ကျင်းပ

**မုံရွာခရိုင် အရာတော်မြို့နယ် သလဲဘာကျေးရွာ အခြေခံပညာအထက်တန်း ကျောင်းခွဲတွင် သြဝါဒါစရိယ ဆရာတော်ကြီးများက ကြီးမှူးကျင်းပသော ကျောင်းဝတ်စုံပေးအပ်ပွဲနှင့် အာဟာရကျွေးမွေးပွဲအခမ်းအနား ကျင်းပသည်။ အခမ်းအနားတွင် သြဝါဒါစရိယဆရာတော် မန္တလေးမြို့ မဟာမြိုင်ဆရာတော် ဦးသစ္စဏာသာရ၊ မဟာမြိုင်တိုက်အုပ်ဆရာတော်ဦးမုနိန္ဒနှင့် ရန်ကုန်မြို့ ချမ်းမြေ့ မြိုင်ဆရာတော် ဦးဣန္ဒတို့က သြဝါဒကထာမြွက်ကြားကြပြီး အလှူရှင်များ ဖြစ်ကြသော ဆွစ်ဇာလန်နိုင်ငံသူ သီလရှင် အရိယဒေါ်ဉာဏဝတီနှင့် ဒေါ်မိမိတို့က ကျောင်းသားကျောင်းသူ ၆၅၉ဦးအတွက် ငွေကျပ်၁၆သိန်းတန်ဖိုးရှိ ကျောင်း ဝတ်စုံ ၆၅၉စုံနှင့် စင်ကာပူအသင်းသားများက အထကကျောင်းဆောင်ပြုပြင် ဆောက်လုပ်ရေးအတွက် အလှူငွေကျပ်၁၀၂သိန်းကို ပေးအပ်လှူဒါန်းကြ သည်။** (မြို့နယ် ပြန်/ဆက်)

### မိုးစပါးလျာထားချက်ပြည့် စိုက်ပျိုးရေးတာဝန်ပေးအပ်

မကွေးတိုင်း ရေစကြိုမြို့နယ် မိုးစပါးစိုက်ပျိုးရန် တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ရေစကြိုမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၅ရက်က ကျင်းပသည်။ အခမ်းအနားတွင် ၂၀၀၈-၂၀၀၉ခုနှစ် မိုးစပါးစိုက်ပျိုးရမည့်ကျေးရွာ အုပ်စု(၇၃)အုပ်စုမှ အုပ်စု အလိုက်မိုးစပါးစိုက်ပျိုးရာတွင် လျာထားဧက ပြည့်မီအောင်စိုက်ပျိုးသွားကြ ရန် တာဝန်ပေးအပ်ပြီး မိုးစပါးစိုက်ပျိုးရေးအတွက် ကြိုတင်ပြင်ဆင်ရမည့် လုပ်ငန်းများ ရှင်းလင်းတင်ပြကြသည်။ ရေစကြိုမြို့နယ်၏ ၂၀၀၈-၂၀၀၉ မိုးစပါးစိုက်ပျိုးရန် လျာထားဧကမှာ၃၄၉၆၁ ဧကဖြစ်ကြောင်းသိရသည်။ **(၂၅၁)**

### ရေဦး၌ အခမဲ့ဆေးဝါးများထောက်ပံ့

**ရေဦးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းထွေး၊အတွင်းရေးမှူး၊မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာသန်းထွန်း နှင့် လက်ထောက်ဆရာဝန်ဒေါက်တာခင်စန္ဒာအောင်တို့ ဦးဆောင်သော အဖွဲ့သည် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၆ရက်က အောင်မင်္ဂလာရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ သက်ကြီး ရွယ်အို အဘိုးအဘွားများနှင့် ရောဂါဝေဒနာရှင်များအား အခမဲ့ကျန်းမာရေး စောင့်ရှောက်ခြင်းနှင့်ဆေးဝါးများ အခမဲ့ထောက်ပံ့ပေးအပ်ခဲ့သည်။** **(မြို့နယ် ပြန်/ဆက်)**

### စာကြည့်တိုက်ပညာသင်တန်းဖွင့်

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖွင့်လှစ်သော စာကြည့်တိုက်ပညာ အခြေခံ သင်တန်းကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်သံ ခန်းမ၌ ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပသည်။

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး ဦးသက်ဇင်ဦးက မြို့နယ်တွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရပ်ကွက်၊ ကျေးရွာအဖွဲ့အစည်းများနှင့် စာကြည့်တိုက်တာဝန်ခံတို့ ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက် သွားရန် တိုက်တွန်းပြောကြားသည်။ **(၁၁၄)**

# အုတ်တွင်းမြို့နယ် မိုးကောင်းစေတီတော်နှစ်ဆူ ထီးတော်တင်လှူ

**တောင်ငူ မတ် ၁၃**

တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျောင်းရှစ်ဆယ်ကျေးရွာ ရွာလယ်တွင် ရှေးနှစ်ပေါင်းများစွာကတည်ထားကိုးကွယ်လျက်ရှိသော မိုးကောင်းဘုရား စေတီတော်မြတ်ကြီးနှစ်ဆူအား စတီးရွှေရောင် ထီးတော်သစ်ကြီးများ တင်လှူပူဇော်ပွဲကို ဖေဖော်ဝါရီ၂၃ရက်က တင်လှူပူဇော်ကြသည်။**(ယာပုံ)**

<u>**လှူဒါန်း**</u>

အဆိုပါ ထီးတော်ကို ဘုရားကြီးဩဝါဒါစရိယဆရာတော်ဦးဩဘာသ (မေ့မှာစရိယ)အမှူးထား၍ ဆရာတော်၊ သံဃာတော်များ၊ အုတ်တွင်းမြို့နယ် ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းရှစ်ဆယ်ကျေးရွာ ဥက္ကဋ္ဌ ဦးကြည်မြင့်နှင့် ကျေးရွာပြည်သူများ၊ မိုးကောင်းဘုရားကြီး ဂေါပက ဥက္ကဋ္ဌနှင့်ယောဂီများ၊ စတီးရွှေထီးတော်များ အလှူရှင်မိခင် ဒေါ်ရွှေကြည်၊ သားဦးမြင့်အောင်- ဒေါ်ယဉ်ယဉ်အေး၊ မင်းရဲကျော်စွာလမ်း (၁၉) ရပ်ကွက် တောင်ငူမြို့နှင့် ဦးမိုးအောင်-ဒေါ်တင်ရွှေ(မိုးမုန့်ဟင်းခါးဖို)ကေတုမတီမြို့သစ် တောင်ငူမြို့တို့က လှူဒါန်းခဲ့ခြင်းဖြစ်သည်။

အဆိုပါ ထီးတော်သစ်များတင်လှူသော မိုးကောင်းဘုရားစေတီတော်မြတ်ကြီး နှစ်ဆူမှာ ဉာဏ်တော်အတောင် ၄၀၊ ထီးတော်အကျယ် လေးပေ တစ်ဆူနှင့် ဉာဏ်တော်အတောင် ၃၉၊ ထီးတော်အကျယ် သုံးပေရှိပြီး တင်လှူပူဇော်သည့် စတီးရွှေရောင် ထီးတော်သစ်ကြီးများ၏ တန်ဖိုးငွေကျပ် ၁၃သိန်းကျော်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



ရန်ကင်းပြည်သာယာ(တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်းအတွက် ဒေါပုံမြို့နယ် ငွေယမုံရိပ်မွန်အိမ်ရာနေ ဦးသက်ဇော်-ဒေါ်ထားထားနွယ်(သီရိသုမေ့သီဂီ) မိသားစုက အလှူငွေကျပ် နှစ်သိန်းလှူဒါန်းရာ မယ်တော်ကြီးဒေါ်အမာက လက်ခံယူစဉ်။ (၁၁၇)

## မြို့နယ်သတင်းများ

## ကွတ်ခိုင်မြို့ သာယာလှပရေး ဆောင်ရွက်

**ကွတ်ခိုင် ဖေဖော်ဝါရီ ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှသည် ဖေဖော်ဝါရီ ၆ရက်က ကွတ်ခိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် မြို့သာယာလှပရေးလုပ်ငန်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးညွန့်ဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မောင်းတို့က ဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြကြောင်း သိရသည်။**(အောက်ပုံ)(မြို့နယ် ပြန်/ဆက်)**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်အတွက် နမ့်ခမ်း-ဟိုဆိုင်းလမ်း ကျောက်ဖြင့်ပြုပြင်ဖာထေးခြင်း ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၂၈ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကိုကိုနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဦးတို့က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

## ဆက်ကပ်လှူဒါန်း

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာ တိုက်သစ်ကြီး၏ မဟာရုံတံတိုင်း ပြန်လည်ပြုပြင်ရန်အတွက် ဦးတင်အောင် နှစ်နှစ်ပြည့်အား ရည်စူး၍ ဇနီး ဒေါ်ခင်ချိုချို မိသားစုတို့က အလှူငွေကျပ် တစ်သိန်းကို ကျောင်းတိုက်ကြီး၏ အကျိုးဆောင် အဖွဲ့ဝင် ဦးခင်မောင်ကြိုင်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

# မီးဘေးလုံခြုံရေး မတ္တရာ၌ ဇာတ်တိုက်လေ့ကျင့်

**မတ္တရာ မတ် ၁၂**

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့မဈေးကြီးမီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် ဈေးသူဈေးသားများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဟန်စိုးနှင့် ဈေးမီးသတ်အဖွဲ့တို့ပူးပေါင်း၍ ဈေးအတွင်းရှိ မီးသတ်ရေကန်များ၊ ရေငုတ်များ၊ မီးသတ်ပစ္စည်းကိရိယာနှင့် မီးသတ်ဆေးဘူးများ၊ ဈေးဆိုင်ခန်းသုံးနှင့် လုံခြုံရေးသုံးလျှပ်စစ်မီးလိုင်းများ၊ မီးသုံးစွဲသောဈေးဆိုင်များ စနစ်တကျ မီးသုံးစွဲမှုရှိမရှိကို ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။**(အောက်ပုံ) (မြို့နယ်စည်ပင်)**

# တနင်္သာရီတိုင်းတရားရုံးက ကြီးမှူးဖွင့်လှစ်သည့် တရားရုံးဝန်ထမ်းများ သင်တန်းဆင်းပွဲ ကျင်းပ

**မြိတ် မတ် ၅**

နိုင်ငံတော် တရားသူကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ တနင်္သာရီတိုင်း တရားရုံးက ကြီးမှူးဖွင့်လှစ်သော တရားရုံး ဝန်ထမ်းများ ရုံးလုပ်ငန်းဆိုင်ရာ ရက်တိုသင်တန်း အမှတ်စဉ် (၂/၂၀၀၈)ဆင်းပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က တနင်္သာရီတိုင်း တရားရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် ပထမဆုရ တိုင်းတရားရုံးမှ အငယ်တန်း စာရေး ဒေါ်ဥမ္မာဖြိုးအား တနင်္သာရီတိုင်း တရားသူကြီးကလည်းကောင်း၊ ဒုတိယဆုရ တိုင်းတရားရုံးမှ အကြီးတန်း စာရေး ဒေါ်ငုဝါဝင်းအား မြိတ်ခရိုင် တရားသူကြီးဦးဌေးမြင့်ကလည်းကောင်း၊ တတိယဆုရ တိုင်းတရားရုံးမှ အကြီးတန်းစာရေး ဒေါ်မြတ်မြတ်မော်အား မြိတ်မြို့နယ် တရားသူကြီးဦးလှဝင်းကလည်းကောင်း ဂုဏ်ပြုဆုများချီးမြှင့်ခဲ့ကြသည်။

**(ခရိုင် ပြန်/ဆက်)**

ဖေဖော်ဝါရီ ၉ရက်က လှိုင်ကော်မြို့ ရေနီကန်ကျေးရွာအဝင် ကျောက်ချောလမ်းသစ်ဖွင့်ပွဲတွင် လှိုင်ကော်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောနိုင်နှင့် ရေနီကန်ကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျောက်ခဲတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

## စစ်ဆေး

မတ် ၁ရက်က မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူးနှင့်အဖွဲ့ သပိတ်ကျင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ကဏ္ဍာကြီးငါးရပ်ကို ကွင်းဆင်းစစ်ဆေးရာ မြို့မဈေးအတွင်း မီးဘေးလုံခြုံရေးအတွက် လိုအပ်သည်များ စစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

19-3 (15).pmd 1 3/18/2008, 11:53 PM

## စုဠဘွဲ့နှင်းသဘင် တွံတေး၌ကျင်းပ

**တွံတေး မတ် ၉**

ရန်ကုန် တောင်ပိုင်းခရိုင် တွံတေးမြို့နယ်အတွင်းရှိစာအောင် သံဃာတော်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်များအား အောင်လက်မှတ် ဆက်ကပ်ပေးအပ်သည့်စုဠဘွဲ့နှင်း သဘင် အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ရက်က တွံတေးမြို့ သာသနာ့ ဗိမာန်၌ ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၊မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာန ဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့အစည်းများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

**ဆက်ကပ်လှူဒါန်း**

အောင်လက်မှတ်များကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်စံသာ **(အပေါ်ပုံ)**၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ် သာသနာရေးမှူး ဦးဝင်းနောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များက ဆက်ကပ်လှူဒါန်းကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရောင်းမည်

ဦးဝိစာရအနီး၊ အနောက်ရွှေဂုံတိုင်၊ မြေ ငါးမူးကျော်၊ ရေ၊ မီး၊ ဖုန်း

**ဆက်သွယ်ရန် ဖုန်း-၅၂၄၉၃၃၊ ၅၅၈၄၈၀၊ ၀၉-၈၀-၃၁၄၂၂၊ ၀၉-၅၀-၄၃၃၆၇။**

## ယာဉ်အန္တရာယ်ကင်းဝေးရေး ပညာပေး

**တောင်ကြီး မတ် ၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ အေးသာယာ အဝေးပြေး ယာဉ်ရပ်နားစခန်း ကွပ်ကဲရေးရုံးခန်းမတွင် ဖေဖော်ဝါရီ ၁၈ရက်က ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ် ဦးစီးမှူး ဦးလျန်ကျင့်မန်က ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး၊ ယာဉ်မတော်တဆဖြစ်ပွားမှု လျော့နည်းကျဆင်းရေး၊ ယာဉ်မောင်းရာတွင် ဆောင်ရန် ရှောင်ရန်များ၊ လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းများ၊ ယာဉ်ပိုင်ရှင်များအနေဖြင့် ယာဉ်ကြံ့ခိုင်ရေး ဆောင်ရွက်ရန် လိုအပ်ပုံ၊ ယာဉ်နောက်လိုက်များ လိုက်နာရမည့်စည်းကမ်းများ၊ ခရီးသွားများအနေဖြင့် လုံခြုံချောမွေ့စွာသွားနိုင်ရေး ကိစ္စများကို ပါဝါပွိုင့်ဖြင့် ပညာပေး ဟောပြောပြီး ယာဉ်ကြံ့ခိုင်ရေးနှင့်ပတ်သက်၍ ယာဉ်စစ်တာဝန်ခံ ဦးတင်လတ်လက်ထောက် အင်ဂျင်နီယာက ရှင်းလင်းဟောပြောပြီး မြန်မာ့ အာမခံလုပ်ငန်း ရှမ်းပြည်နယ် ရုံးခွဲတာဝန်ခံ ဒေါ်အေးအေးမော်က ခရီးသွား အာမခံလုပ်ငန်း အကြောင်း ဟောပြောကြသည်။

**(အပေါ်ပုံ) (က-ပ)**

**အမြို့မြို့ အနယ်နယ် သတင်းများ**

## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်

**ကြော်ငြာစာအမှတ်-၁/၂၀၀၈**

**(၂၀၀၈ခုနှစ် မတ်လ ၁၇ရက်)**

## လျှောက်လွှာခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် လစ်လပ်လျက်ရှိသော လစာနှုန်း(ကျပ် ၃၉၀၀၀-၁၀၀၀-၄၄၀၀၀)ရရှိသော အောက်ဖော်ပြပါရာထူးနေရာတွင် ယှဉ်တွဲဖော်ပြပါ အနိမ့်ဆုံးအဆင့် သတ်မှတ်ထားသည့် ပညာအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

| ရာထူးအမည် | ပညာအရည်အချင်း | လစ်လပ်နေရာ |
|---|---|---|
| သုတေသနလက်ထောက်-၂ (ဘောဂဗေဒ/စာရင်းအင်း) | စီးပွားရေးတက္ကသိုလ်များမှ<br>စီးပွားရေးပညာဘွဲ့(ဘောဂဗေဒ)B.Econ (Eco)<br>စီးပွားရေးပညာဘွဲ့(စာရင်းအင်း)B.Econ (Stats)<br>ဖွံ့ဖြိုးရေးပညာဘွဲ့ B.Dev.S ရရှိရမည်။ | (၁၇)နေရာ |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၃၁-၃-၂၀၀၈ရက်တွင် အသက်(၃၀)ထက် မကျော်လွန်သူဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အသက် (၃၅)နှစ်ထက် မကျော်သူဖြစ်ရမည်။

၃။ ဝန်ထမ်းမဟုတ်သူများသည် အောက်ဖော်ပြပါအချက်အလက်များကို ပူးတွဲလျက် ညွှန်ကြားရေးမှူး၊ စီမံခန့်ခွဲရေးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နေပြည်တော်၊ ရုံးအမှတ်(၂၆)သို့ လိပ်မူ၍ ၂၅-၄-၂၀၀၈ရက် နောက်ဆုံးထား၍ ပေးပို့ရမည်။ ဝန်ထမ်းဖြစ်လျှင် မူရင်းလျှောက်လွှာ တစ်စောင်ကို မိမိတာဝန်ထမ်းဆောင်ရာ ဌာန၏ထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ၃၀-၄-၂၀၀၈ရက်နောက်ဆုံးထား၍ ပေးပို့ရန်နှင့် လျှောက်လွှာမိတ္တူတစ်စောင်ကို ၂၅-၄-၂၀၀၈ရက်နောက်ဆုံးထား၍ ကြိုတင်ပေးပို့ရန် ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏အမည်၊ နိုင်ငံသားစိစစ်ရေး ကတ်အမှတ်နှင့် မွေးသက္ကရာဇ်၊

(ခ) လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်၊ အောင်လက်မှတ်မိတ္တူ၊

(ဂ) မိဘအမည်၊ အမျိုးသားမှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ အလုပ်အကိုင်၊

(ဃ) ဝန်ထမ်းဖြစ်ပါက လက်ရှိရာထူးနှင့်ဌာန၊

(င) အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ၊

(စ) ပတ်စ်ပို့အရွယ်ဓာတ်ပုံနှစ်ပုံ၊

(ဆ) ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သက်ဆိုင်ရာမြို့နယ်၊မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ၂၉-၂-၂၀၀၈ရက်နောက်ပိုင်း ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်၊

(ဇ) ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်၊

၄။ အောက်ဖော်ပြပါ ဘာသာရပ်များအတွက် ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး စာမေးပွဲ ကျင်းပမည့် နေ့ရက်၊ အချိန်အား စာဖြင့် ထပ်မံအကြောင်းကြားပါမည်-

(က) မြန်မာစာနှင့် အင်္ဂလိပ်စာ၊

(ခ) အထွေထွေဗဟုသုတနှင့် ဘောဂဗေဒဘာသာ၊

၅။ ရေးဖြေစာမေးပွဲအောင်မြင်သူများကို လူတွေ့စစ်ဆေးမှုပြုလုပ်ပြီး ရွေးချယ်ခန့်ထားမည် ဖြစ်ပါသည်။

၆။ သိလိုသောအချက်များကို ရုံးအမှတ်(၂၆)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်(နေပြည်တော်) စီမံခန့်ခွဲရေးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်-၀၆၇-၄၁၀၂၄၁၊ ၀၆၇-၄၁၀၁၉၆ သို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မန္တလေးတိုင်း ကျောက်ဆည် မြို့နယ် ရွှေအား ကျေးရွာ ရောင်နီဦး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ၁၁ရက်က ကျင်းပရာ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအတွင်းရေးမှူး ဦးသီဟဆွေ၊ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နှင်းရီ၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင် ဦးအောင်လွင်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးလင်းအောင်တို့က ရောင်နီဦးစာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။** (ခရိုင် ပြန်/ဆက်)

## နမ္မတီးဘူတာရုံ ကတ္တရာလမ်းဖွင့်လှစ်

**မိုးကောင်း မတ် ၄**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က စေတနာရှင် ဦးရင်ဟိုင်း (ဟိုင်းဂျမ်းစတုံးကုမ္ပဏီလီမိတက်)မိသားစု၏ လှူဒါန်းငွေကျပ် ၁၀၁၄ သိန်းဖြင့် ဆောင်ရွက်ပြီးစီးသည့် နမ္မတီးဘူတာရုံလမ်း ကတ္တရာထပ်ပိုးလွှာခင်းလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

**ဖွင့်လှစ်**

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းစိန်၊လမ်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးယုနိုင်နှင့် စေတနာရှင် ဦးရင်ဟိုင်းတို့က လမ်းကိုဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** တာဝန်ရှိသူများက လမ်းတစ်လျှောက် ဖြတ်သန်းကြည့်ရှုကြကြောင်း သိရသည်။

**(၀၀၁)**

**မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်း အရောင်းဆိုင်အမှတ်(၀၆၂၁) မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အတွက် ဓာတ်တိုက်လေ့ကျင့်ရေးလုပ်ငန်းများကို မတ်၁ရက်က ကျင်းပရာ အရောင်းဆိုင် မန်နေဂျာ ဦးသိန်းညွှန့်၊ လက်ထောက်မန်နေဂျာ ဦးကျော်သိန်းနှင့် ဆိုင်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ တာဝန်ခံ ဦးဇော်ဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ကြစဉ်။** (၀၈၈)

## ဝန်ကြီးမှာကြားချက်များ ထပ်ဆင့်ရှင်းလင်း

**မြစ်ကြီးနား မတ် ၂**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏(၁၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး၏ မှာကြားချက်များ ထပ်ဆင့် ရှင်းလင်းပွဲကို ဖေဖော်ဝါရီ၁၃ရက်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ရုံးခန်း၌ ကျင်းပသည်။

အဆိုပါရှင်းလင်းပွဲတွင် ကချင်ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းသိန်းလွင်က ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး၏ မှာကြားချက်များဖြစ်သည့် ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးကို အစွမ်းကုန်ကြိုးစားဆောင်ရွက်ရေး၊ ဝန်ထမ်းများအားလုံး အရည်အချင်းရှိအောင် စဉ်ဆက်မပြတ်လေ့လာ၊ ဖတ်မှတ်၊ လေ့ကျင့်သင်ကြားရေး၊ ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် မိမိနယ်မြေဒေသနှင့်ကိုက်ညီသည့်စိုက်ပျိုးရေး၊ မွေးမြူရေးကိုစီမံချက်ချပြီး ဖြစ်မြောက်အောင်အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်(၁၁)ရပ်နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ၂၀၀၈-၂၀၀၉လုပ်ငန်းတာဝန်(၁၁)ရပ်တို့ကို အသေးစိတ် ထပ်ဆင့်ရှင်းလင်းပြီး ခရိုင်၊မြို့နယ်များ၏တင်ပြချက်များအား ရှင်းလင်းညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

# ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး ချင်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် မတ် ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ချင်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၀၈)ကို မတ် ၁၂ ရက် နံနက် ၉ နာရီက ဟားခါးမြို့ရှိ ချင်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပသည်။ **(အောက်ပုံ)**

**သဘာပတိ**

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် သဘာပတိများအဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးတင်အေး၊ ဒေါက်တာမှုထန်နှင့် ဦးစောဝင်းအောင်တို့က ဆောင်ရွက်ကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ■

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## မြန်မာ့အလင်း သတင်းနှင့် ဆောင်းပါးအညွှန်း


❐ ဘဝအမောပြေ — စာ-၄

❐ အနာဂတ်၌ ထောက်ပလာမည့် ဂိုင်ယာနာနိုင်ငံ — တိုး၏ သတင်းအက်ဆေး စာ-၅

❐ ကမ္ဘာ့အကြီးဆုံး ရေခဲမြစ်များ အရည်ပျော်မှု နှစ်ဆကျော် မြန်ဆန်လာ — စာ-၆

❐ ပရိသတ်ကို ရင်တမမဖြစ်အောင် ကစားပြဦးမယ့် မန်ယူ — မောင်မောင်မြင့်ဆွေ၏ အားကစားဆောင်းပါး စာ-၇


★ မိုးလုံးပြည့် မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC

လေလှိုင်းပေါ်က လူသတ်သမားများ

ပြည်သူအားလုံး သတိထား

19-3 (20) 1 3/19/08, 1:24 AM